


မောင်သာချို

# ရပ်ရွာအရေး
# ဖတ်စရာကလေးတွေ

mgyoe.com

# မောင်သာချို
# ရုပ်ရှင်အရေး ဖတ်စရာကလေးတွေ



ISBN 9789997115409
MTC17
9 789997 115409
3,000.00KS

mgyoe.com

ရပ်ရွာအရေးဖတ်စရာကလေးတွေ၊ မောင်သာချို
မျက်နှာဖုံးပန်းချီ - တော်တီဆွေ၊ အတွင်းသရုပ်ဖော် - ကိုကိုနိုင်
တမျက်နှာ ၂၂၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရပ်ရွာအရေး ဖတ်စရာကလေးတွေ

မောင်သာချို

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– အမှာစကား က
၁။ ခေါင်းစဉ်ကိုပါ ဆရာကြီးလက် အပ်သတဲ့ ၁
၂။ ရှုပ်ပွနေတဲ့ ပုဒ်မ ပုဒ်ထီးများ ၇
၃။ သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့ ၁၃
၄။ ဘီးတွေက လိမ့်ပါ့မလား ၁၉
၅။ အခြေခံကို မြန်မြန်ပြောင်းပါတော့ ၂၅
၆။ မနစ်မချင်း စိတ်နဲ့နှစ်သူများ ၃၁
၇။ စိတ်တွေပါ ဆင်းရဲသွားကြပြီလား ၃၇
၈။ ဒါ ဘယ်သူဥတဲ့ ဘဲဥတွေပါလိမ့် ၄၃
၉။ စာတမ်းရေးသူရေး၊ ချိုင်းမွေးနုတ်သူနုတ် ၄၉
၁၀။ လူလက်တစ်ကမ်း၊ စိတ်ကမ္ဘာတစ်ခြမ်း ၅၅
၁၁။ အနီးကပ် အရိပ်တွေရဲ့အောက်မှာ ၆၁
၁၂။ သံသရာညှော်သည်တွေရဲ့ မျက်နှာထား ၆၇
၁၃။ သူတို့မသေဖို့ ငါတို့ အသက်ရှင်တယ် ၇၃
၁၄။ ဆိတ်ကွယ်ရာအရပ်က နိုင်ငံတော်သား ၇၉
၁၅။ လမ်းတွေကို နည်းနည်းလေး လွှတ်ထား ၈၅


mgyoe.com

mgyoe.com


၁၆။ ခင်ဗျားတို့အတွက် ခေါင်းလောင်းထိုးပြီ ၉၁

၁၇။ လူညံ့တွေက လက်ခုပ်တီးလာတဲ့အခါ ၉၇

၁၈။ ဖျံတွေကြားမှာ မော်တော်ကားစီးခြင်း ၁၀၁

၁၉။ လျှင်မြန်သွက်လက်တဲ့ လူ့ယန္တရား ၁၀၇

၂၀။ မြစ်ချောင်းအင်းအိုင်တွေ နေထိုင်ကောင်းကြပါစေ ၁၁၃

၂၁။ ဖွင့်ထားတဲ့ စာမျက်နှာများ ၁၁၉

၂၂။ အိမ်ရှေ့မှာ ကျောင်းကားရပ်ပြီလား ၁၂၅

၂၃။ ပန်ကာအောက်ကို သူခိုးတွေ ရောက်မလာစေနဲ့ ၁၃၁

၂၄။ အသပြာရေစီးကြောင်းများ ၁၃၇

၂၅။ စာမဖတ်တာ အကုန်ပေါ်ပါတယ် ၁၄၃

၂၆။ နောက်ကျတာမှ အပြစ်မဟုတ်ဘူး ၁၄၉

၂၇။ လူရပ်မလား၊ ကားရပ်မလား ၁၅၅

၂၈။ ကျောင်းရှာတော့ ခေါင်းမှာချာချာလည် ၁၆၁

၂၉။ ဆရာဇော်ဂျီနှင့် ထုံးသုတ်တတ်ရင် ဘုရင်ဖြစ်ရောလား ၁၆၇

၃၀။ ငှက်ကလေးတို့ တေးဆိုကာ ကြာတွေပွင့်ပါစေ ၁၇၃

၃၁။ တစ်ကျော့ပြန်ဆွဲထည့်လိုက်တဲ့ သမိုင်းထဲက ဥသြသံ ၁၇၉

၃၂။ ကလေးငယ်တစ်ယောက်၊
လူဝကြီးတစ်ယောက်နဲ့ မြို့နှစ်မြို့ ၁၈၅

၃၃။ ချောက်နှုတ်ခမ်းပါးအထိ
နောက်ဆုတ်ခဲ့ရသည့်ခြေလှမ်းများ ၁၉၁

၃၄။ မှားခွင့်ကလေး၊ မိုက်ခွင့်ကလေး ၁၉၇

၃၅။ ဘုန်းနဲ့ ကံနဲ့ စကားအသုံးအနှုန်း ၂၀၃

၃၆။ နိုင်ငံရင် ဘယ်လိုလုပ်ကြမတုံး ၂၀၉

၃၇။ ကောလိပ်တွေ လည်ပင်းညှစ်ခံရတယ်ဆိုတဲ့ အသံဗလံ ၂၁၅

၃၈။ မြန်မာတို့ ဘယ်အဆင့်ထိ ဒူးထောက်ရမတုံး ၂၂၁


❑

* 7Day Daily ၂၀၁၆၊ စက်တင်ဘာလမှ ၂၀၁၈၊ ဇန်နဝါရီလအတွင်း ဖော်ပြခဲ့သော စာအုပ်မလုပ်ရသေးသည့် လက်ကျန်ဆောင်းပါးများဖြစ်ပါသည်။

mgyoe.com

mgyoe.com

# အမှာစကား

ကမ္ဘာကျော် သတင်းမဂ္ဂဇင်းကြီးတစ်စောင်နှင့် တွေ့ဆုံခန်း (Interview) လုပ်စဉ် ခင်ဗျားတို့အလုပ်က ဘာလဲဟု မေးလိုက်ရာ ကျုပ်တို့က သမိုင်းကို အကြမ်းရေးနေတာဟု ဖြေပါသည်။

သတင်းစာများသည် သမိုင်းကို အကြမ်းရေးနေခြင်းပင်ဖြစ်ပါသည်။

ယခု 7Day Daily သတင်းစာတွင် ရေးပြီးခဲ့သမျှ ဆောင်းပါးများထဲမှ စာအုပ်မလုပ်ရသေးသည့် လက်ကျန်ဆောင်းပါးများကို စုစည်းတင်ဆက်လိုက်ပါသည်။

အကြမ်းဟုဆိုသဖြင့် မပြည့်စုံ၊ မပြေပြစ်၊ မကြွယ်ဝသည်များကို ဖြည့်စွက်နားလည်ပေးကြပါစေလိုကြောင်း။

မောင်သာချို

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ခေါင်းစဉ်ကိုပါ ဆရာကြီးလက် အပ်သတဲ့

(တစ်)

ကျောင်းသင်ခန်းစာတွေကို အသစ်ပြန်ပြီး ပြုစုရေးသားနေတဲ့ အဖွဲ့နဲ့ ပတ်သက်နေတာကြောင့် တစ်ခါတစ်ခါ အဲသည့်အဖွဲ့က ခေါ်တဲ့ အစည်းအဝေးခန်းထဲမှာ သွားထိုင်နေရတဲ့အခါမျိုးတွေ ရှိတတ်ပါတယ်။ တာဝန်ရှိတဲ့သူ အသီးသီးက ပြောကြတာတွေကို နားထောင်၊ ကိုယ်က ထပြီး ပြောသင့်တဲ့အခါမှာ ထပြော။

တစ်ကြိမ်မှာတော့ ဆွေးနွေးတဲ့အကြောင်းအရာက ပုံပြောခိုင်းတဲ့ အကြောင်းအရာ။ မူကြမ်းစာအုပ်ကို ဖွင့်လိုက်တော့ ပုံပြင်ရဲ့ အခြေခံဖြစ်တဲ့ သရုပ်ဖော်ပုံကလေးတွေ။

အလံတိုင်ကလေးတစ်ခုကို စိုက်လို့။ စည်းကလေးတစ်ခုကို တားလို့။ သတ္တဝါကလေးနှစ်ကောင်က ပြေးဖို့အသင့်။ တစ်ကောင်က ယုန်ကလေး၊ တစ်ကောင်က လိပ်ကလေး။ နောက်တစ်နေရာမှာကျတော့ ယုန်ကလေးက ချုံပုတ်ကလေးတစ်ခုရဲ့နံဘေးမှာ ခေါင်းအုံးကလေးတစ်လုံးနဲ့ အိပ်ပျော်နေတဲ့ပုံ။ လိပ်ကလေးက တရွေ့ရွေ့သွားနေတဲ့ပုံ။ နောက်တစ်ပုံက ယုန်ကလေး အိပ်ရာက လန့်နိုးလာတဲ့ပုံ။ ပြီးတော့ အပြေးလိုက်တဲ့ပုံ။ နောက်ဆုံးပုံက မောကြီးပန်းကြီး အပြေးလိုက်လာတဲ့ ယုန်ကလေး ခေါင်းငိုက်စိုက်ကျနေတဲ့

mgyoe.com

mgyoe.com


ပုံ။ သူ့နံဘေးမှာ လိပ်ကလေးက ပန်းတိုင်အလံကို မြှောက်ကိုင်ကာ အောင်ပွဲခံနေတဲ့ပုံ။

ကလေးက အဲသည့်ပုံကလေးတွေကို ကြည့်ကာ နှစ်သက်ရာ ပုံပြင်တစ်ပုဒ်ကို ပြောပြရမယ့် သင်ခန်းစာပါ။

စာဖတ်သူ ပြုံးသွားမယ်ထင်ပါရဲ့။ လွယ်လွယ်ကလေးလို့ကော ကောက်ချက်ချသွားလေပြီလား မသိ။ ဟုတ်ပါရဲ့။ လွယ်ကလည်း တော်တော့်ကို လွယ်နေတာကိုး။

ယုန်နဲ့လိပ် အပြေးပြိုင်ကြတယ်။ ယုန်က လိပ်ကို အထင်သေးပြီး လမ်းမှာ အိပ်နေတယ်။ အိပ်မောကျသွားရာက လန့်နိုးပြီး ဆက်ပြေးတော့ တရွေ့ရွေ့ နှင်နေခဲ့တဲ့ လိပ်ကလေးက ပန်းတိုင်ကို ရောက်နှင့်နေပြီ။ ဒါပဲ မဟုတ်ပါလား။

ကျွန်တော်က သည်ပုံပြင်ဟာ သည်နိုင်ငံက လူတွေနဲ့ ရင်းနှီးပြီးသား ပုံပြင်တစ်ပုဒ် ဖြစ်တာကြောင့် မသုံးသင့်ဘူးလို့ အကြံပေးပါတယ်။ ဆရာမတစ်ယောက်က ကလေးက သိပါ့မလားလို့ ပြန်မေးပါတယ်။ ကျွန်တော်က ကလေးတချို့ သိနေနိုင်ကြပြီး တကယ်လို့ ကလေးက မသိခဲ့ရင်တောင်မှ အိမ်က အဖေ၊ အမေ၊ အစ်ကို၊ အစ်မ တစ်ယောက်ယောက်က သိနေတဲ့အခါ ကိုယ့်ကလေးကို ကိုယ်ပြောပြထားနိုင်တာကြောင့် ကလေးက ပုံပြင်ကို သိနှင့်နေပြီး အဲသည့် ကြိုတင်သိ ပုံပြင်ကြီးကို ပြန်ပြောပြနေရင် ဘာအကျိုးရှိမှာလဲလို့ မေးလိုက်တဲ့အခါ ဆရာမ ဖြေစရာမရှိ ဖြစ်သွားပါတယ်။

ကျွန်တော်က အဲသည့်သင်ခန်းစာ ဘာကြောင့်ထည့်တာပါလဲ မေးရပါတယ်။ ကလေးရဲ့ စာဖတ်စွမ်းရည် (Reading) အတွက်လား၊ မဟုတ်ပါဘူးတဲ့။ အရေးစွမ်းရည် (Writing) အတွက်လား၊ မဟုတ်ပါဘူးတဲ့။ ဒါဆိုနားထောင်နိုင်တဲ့စွမ်းရည် (Listening) အတွက်လား၊ ဒါလည်း မဟုတ်ပါဘူးတဲ့။ ဒါဖြင့် အပြောစွမ်းရည် (Speaking) အတွက်လားဆိုတော့လည်း မဟုတ်ပြန်ပါဘူးတဲ့။

နောက်မှ ဆရာမက ကလေးတို့ရဲ့ စိတ်ကူးစိတ်သန်း သင်ခန်းစာပါတဲ့။ ကောင်းတာပေါ့။ Imagination သင်ခန်းစာ။ Creative Thinking သင်ခန်းစာ။ ခေတ်မီပညာရေးမှာ ဒါလည်း လိုအပ်တာပဲဥစ္စာ။

mgyoe.com

mgyoe.com

သို့သော်လည်းပေါ့။ ဒါဆို ဆရာမရယ်လို့ အဲသည့် စိတ်ကူးစိတ်သန်း ကွန့်မြူးစေချင်လို့ ထည့်ထားတဲ့ သင်ခန်းစာမှာ ဘာဖြစ်လို့ လူတွေနဲ့ ယဉ်ပါး နေတဲ့၊ လူများစု ရိပ်မိနေတဲ့ပုံပြင်ကို အခြေခံထားရတာတုံးဗျာလို့။ သည်တော့ မှ ဆရာမက တော်တော်ကလေး လေးနက်သွားတဲ့ မျက်လုံးတွေနဲ့ ဟုတ်ပါရဲ့ နော်တဲ့။ ပုံပြင်ရှာဦးမှတဲ့။

(နှစ်)

ရှေ့ကိုရောက်နေတဲ့ နိုင်ငံတိုင်းရဲ့ အခြေခံပညာသင်ရိုးတိုင်းမှာ စိတ် ကူးစိတ်သန်းကို နှိုးဆွတဲ့ သင်ခန်းစာတွေ ပါတတ်ပါတယ်။

စာအုပ်တစ်အုပ်ကို လှန်ကြည့်တဲ့အခါ ပုံပြင်တစ်ပုဒ်ကို ငါးကြောင်း လောက် ရေးထားပါတယ်။ ပြီးတော့ သင်ကြိုက်သလို ဆက်ရေးပါတဲ့။

နောက်စာအုပ်တစ်အုပ်ထဲမှာကျတော့ စာမျက်နှာအပြည့် ရောင်စုံ သရုပ်ဖော်ပုံကြီးတစ်ခု။ အဲသည့်ပုံကိုကြည့်ကာ ကိုယ်ကြိုက်တာ ကိုယ်ပြော။ အမှားမရှိ၊ အမှန်မရှိ။ စိတ်ကူးမိတာကို ကူးမိတဲ့အတိုင်း လျှောက်ပြော။ ရယ်ကြ မောကြ။ တဝါးဝါး တဟားဟားနဲ့ လွတ်လွတ်လပ်လပ် ပျော်စရာ ကြီး။

စိတ်ကူးခွင့်ပေးတဲ့ သင်ခန်းစာ၊ ပြောချင်ရာ ပြောခွင့်ပေးတဲ့ သင်ခန်း စာ၊ ရယ်ရ မောရတဲ့ သင်ခန်းစာ၊ လွတ်ထားတဲ့ သင်ခန်းစာ၊ 'ဟ' ထားတဲ့ သင်ခန်းစာ၊ ကျောင်းကို ကျောင်းဖြစ်တယ်ဆိုတာ မေ့သွားစေတဲ့ သင်ခန်းစာ။

(သုံး)

နှစ်ဆယ်ရာစုရဲ့ ထိပ်တန်းလူသား (Man of the Century) ဖြစ်တဲ့ ရူပဗေဒဆိုင်ရာ နိုဘယ်ဆုရှင်ကြီး အဲနိုင်းစတိုင်း (Albert Einstein) က အသိပညာထက် စိတ်ကူးစိတ်သန်းက အရေးကြီးပါသတဲ့ခင်ဗျ။

Imagination is more Important than Knowledge ဆိုတာ သူ ပြောခဲ့တဲ့ ကမ္ဘာကျော် အကိုးအကားစကားပဲပေါ့။ သူ့ကို သူ့အဖေ ငယ်ငယ် က ပေးခဲ့တဲ့ တောင်နဲ့မြောက် တန်းနေတဲ့ သံလိုက်အိမ်မြှောင်ကလေးဟာ သူ့ရဲ့ ဘာမှန်းမသိတဲ့ စိတ်ကူးစိတ်သန်းကို နှိုးဆွခဲ့တဲ့အရာပေါ့။

mgyoe.com

mgyoe.com


လေးထောင့် သစ်သားတုံးကလေးနှစ်တုံးလောက်နဲ့ ကစားနေတဲ့ ကလေးတွေကို တွေ့ဖူးမလားမသိဘူး။ သူ့ကမ္ဘာထဲမှာ၊ သူ့စိတ်ကူးစိတ်သန်း ထဲမှာ အဲသည့်သစ်သားတုံးနှစ်တုံးဟာ သူ ဖြစ်ချင်တာတွေ အကုန်လုံး ဖြစ်လို့။ ယုတ္တိတန်တာတွေ၊ မတန်တာတွေ မသိ၊ မရှိ။

(လေး)

တစ်ရက်မှာ လက်နက်ကိုင်အဖွဲ့အစည်းမှာ အရာရှိလုပ်နေသူ တစ် ယောက်က ကျမ်းကို အငှားရေးပေးနေတယ်ဆိုတဲ့ လမ်းဘေးဒရာက် လူကြီး တစ်ယောက်ဆီ ရောက်လာပါတယ်။

ဆရာကြီးခင်ဗျ။ ကျွန်တော် ပါရဂူကျမ်းကလေးတစ်ကျမ်းလောက် အလုပ်အပ်ချင်ပါတယ် ခင်ဗျပေါ့။ အဲသည့်လုပ်ငန်းမှာ နာမည်ရသူ ဆရာ ကြီးက မေးပါတယ်။ ရပါတယ်ဗျာတဲ့။ ကျမ်းခေါင်းစဉ်က ဘာကိုရွေးထား ပါသတုံးတဲ့။

အရာရှိလုပ်သူ ကြောင်သွားသဗျ။ သူ့စိတ်ထဲမှာ ဒါဟာ မမေးရမယ့် မေးခွန်းပါလားဆိုတဲ့အတွေးနဲ့ပေါ့။ ပြန်ပြောပုံက ကြည့်ပါဦး။

"ဆရာကြီးရာ... အလုပ်အပ်ပါပြီဆိုမှ ခေါင်းစဉ်ပါ ဆရာကြီးကို အပ်တာပေါ့။ ကျွန်တော့် သုတေသနခေါင်းစဉ် ဆရာကြီးပဲ စဉ်းစားဗျာ" တဲ့။

ကြည့်စမ်း။ စိတ်ကူးစိတ်သန်းတွေ ခန်းခြောက်သွားခဲ့ကြပုံတွေက။ ကိုယ် ဘာရေးမလဲဆိုတာကိုတောင် ကိုယ် မတွေးနိုင်တော့တဲ့ဘဝ။ ကိုယ့် စိတ်ကူးကို သူများဆီမှာ အလုပ်အပ်သတဲ့။

စာသင်ခန်းထဲမှာ တစ်ယောက်နဲ့ တစ်ယောက် မထပ်မယ့် ပုံပြင်တွေ၊ ကိုယ်ကြိုက်ရာ ကိုယ်ပြောမယ့် ပုံပြင်တွေနဲ့ စလိုက်ကြရအောင်လား။ ။

❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## ရှုပ်ပွနေတဲ့ ပုဒ်မ ပုဒ်ထီးများ

(တစ်)

မယုံရင် ပုံပြင်မှတ်ဆိုတဲ့ စကားတစ်ခွန်းကိုပဲ ပြောချလိုက်ပြီး ခြေပစ်လက်ပစ် ထိုင်နေချင်တော့ပါရဲ့။

ဇာတ်လမ်းကို စတာက အငြိမ်းစားယူထားတဲ့ မြန်မာစာပါမောက္ခတစ်ယောက်က စတာပါ။ သူက ပြည်ပအတွေ့အကြုံရှိသူပါ။ ပါရဂူဘွဲ့လည်း ရထားသူပါ။ ပြင်ပ ပညာရှင်အဖြစ်နဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်ထဲကို လာလာပြီး ပို့ချတဲ့အလုပ်ကိုလည်း လုပ်ပါတယ်။ သည်တော့ ကျွန်တော်နဲ့ စကားဝိုင်းဖွဲ့ကြစမြဲပေါ့။

တစ်ရက်မှာတော့ သူက ညည်းပါတယ်။ သူ့ထုံးစံအတိုင်း မောင်ရင်တို့ ကြည့်လုပ်ကြဦးက စတာပဲပေါ့။ ဆယ်တန်းကျောင်းသူတစ်ယောက် စာကျက်နေတာကို ကြားလာလို့တဲ့။ ကျောင်းသူက ပုဒ်မ၊ ပုဒ်ထီး၊ မျက်တောင်အဖွင့်၊ မျက်တောင်အပိတ်တွေကအစ ထည့်ကျက်နေတယ်ဆိုပဲ့ကလား။ မြတ်စွာဘုရား။

သူကျက်နေပုံက သည်လိုပါ။ မြန်မာနိုင်ငံတွင် သတင်းစာ၊ ဂျာနယ်များ စုံစုံလင်လင် ထွက်ရှိလျက်ရှိပါသည် ပုဒ်မ ၎င်းတို့မှာ ကြေးမုံ ပုဒ်ထီး မြန်မာ့အလင်း ပုဒ်ထီး 7Day ပုဒ်ထီး Daily Eleven ပုဒ်ထီး ပေါ်ပြူလာ

mgyoe.com

ပုဒ်ထီး စသည်တို့ ဖြစ်ကြပါသည် ပုဒ်မ ကျွန်မသည် မျက်တောင်အဖွင့် ကြေးမုံသတင်းစာ မျက်တောင်အပိတ်ကို နေ့စဉ်ဖတ်ပါသည် ပုဒ်မ သို့သော် အစက်ကလေးသုံးစက်။

တော်ပါတော့၊ တော်လိုက်ပါတော့။ ပညာရေးလောကရဲ့ မတော်တရော်ကိစ္စတွေကို ဟောကြ ပြောကြ၊ ရေးကြ သားကြနဲ့ မျက်စိရည်နားရည်ဝနေခဲ့တာ ကြာခဲ့ပါပေါ့။ ဒါပေမဲ့ သည်လောက်အထိ ဖြစ်နေလိမ့်မယ်လို့ မထင်မှတ်ခဲ့ရိုးအမှန်ပါ။

ပုဒ်ထီး(၊)၊ ပုဒ်မ(။)၊ အစက်ကလေးသုံးစက်(...)၊ မျက်တောင်အဖွင့် (")၊ မျက်တောင်အပိတ်(") တွေကအစ ထည့်ကျက်နေရလောက်အောင် သူ့ဆရာ၊ ဆရာမက အမှတ်ရအောင် ဘယ်လိုများ လမ်းညွှန်ခဲ့ပါလိမ့်။

ကျွန်တော့်ကိုပြောတဲ့ ပါမောက္ခက နောက်လှေ့ပြောင်လှေ့ရှိတဲ့သူ တစ်ယောက် မဟုတ်ပါဘူး။ ပြီးတော့ သည်စကားကို သူပြောတုန်းက ရယ်စရာမောစရာအဖြစ် ပြောနေတာလည်း မဟုတ်ပါဘူး။ စိတ်ပျက်လက်ပျက်နဲ့ ပြောနေခဲ့တာပါ။

ဒါကြောင့် ကျွန်တော်က ဘယ်ကလဲ၊ ဘယ်နားလောက်က အိမ်ကလဲ၊ ဘယ်လမ်းထဲကလဲ ဆိုပြီး မေးရပါတယ်။ နေရာက သိပ်မခက်တဲ့နေရာ၊ ကိုယ့်အဝန်းအဝိုင်းက လူတွေနဲ့လည်း ထိစပ်နေတဲ့နေရာဖြစ်တာကြောင့် သတင်းထောက်ရတာ လွယ်ပါတယ်။

ဟုတ်တယ်ခင်ဗျ။ အဲသည့်ကျောင်းသူ စာကျက်ပြီဆိုမှဖြင့် ကြားရသူအပေါင်း ပြုံးစိစိဖြစ်ကြကြောင်းပါတဲ့။ ကွင်းစကွင်းပိတ်၊ ပုဒ်မပုဒ်ထီး၊ မျက်တောင်အဖွင့် မျက်တောင်အပိတ်တွေနဲ့။ နောက်တစ်ကြောင်းဆိုတာတောင်မှ ပါလိုက်သေး။

(နှစ်)

ကျွန်တော် နယ်မြို့ကြီးတစ်မြို့မှာ နေတုန်းက ကလေးတွေရဲ့ ပညာရေးကို ဂရုတစိုက် အားပေးကြတဲ့ မိသားစုတွေနဲ့ ထိစပ်ရပါတယ်။ အမှတ်တွေ အများကြီးရဖို့ အပြိုင်အဆိုင်ကို ကြိုးစားကြတဲ့ မိသားစုတွေပေါ့။

အဲသည့်အထဲက ကျောင်းသူမကလေးတစ်ယောက် စာတော်ပုံကို သူ့

mgyde.com

mgyoe.com

အသိတစ်ယောက် ချီးမွမ်းပုံက ကြည့်ပါဦး...

"သိပ်သေချာတဲ့ ကလေး၊ Full Stop တစ်စက်၊ Comma တစ်ချက် မကျန်စေရဘူး" တဲ့။

တစ်သဝေမတိမ်းဖြစ်ဖို့ ကျက်မှတ်တာကို လူတော်လို့ သတ်မှတ်ခဲ့ကြတဲ့ခေတ်ကြီး။

(သုံး)

ကျွန်တော် မြေလတ်ဒေသက တက္ကသိုလ်တစ်ခုမှာ ရှိနေတုန်းက ဦးပဥ္စင်းတစ်ပါးနဲ့ ရင်းနှီးခဲ့ပါတယ်။ အဲသည့် ဦးပဥ္စင်းက အဝေးသင် တက္ကသိုလ် တက်တဲ့သူပါ။ အဓိကဘာသာက သမိုင်း။ သမိုင်းဘာသာက အင်္ဂလိပ်လို သင်ယူရတဲ့ ဘာသာပါ။

ဦးပဥ္စင်းက တစ်ဘာသာကို သုံးလေးပုဒ်လောက်ကတော့ ဖွတ်ဖွတ်ညက်ညက်ကြေအောင်ကို ရပါတယ်။ တစ်ရက် ဦးပဥ္စင်းနဲ့ဆုံတဲ့အခါ သမိုင်းမှတ်စုတစ်ပုဒ်ကို အင်္ဂလိပ်လို ဒိုးဒိုးဒက်ဒက်ရွတ်ဆိုနေတာကြောင့် အဲဒါ ဘာအကြောင်းပါလဲ ဘုရားလို့ မေးလျှောက်မိပါတယ်။ ဦးပဥ္စင်းအဖြေမှာ ကျွန်တော် ကြက်သေသေခဲ့ရပါရဲ့။

"ဟာ... ဒကာကြီးကလည်း အဓိပ္ပာယ်လာမမေးနဲ့လေ။ အဓိပ္ပာယ် ဘယ်သိမှာလဲလို့၊ ခက်ပါ့ ငါ့လူရယ်" တဲ့။

အဓိပ္ပာယ်လာမမေးနဲ့။ စာကတော့ တစ်လုံးမကျန် အလွတ်ရတယ် ဆိုတဲ့သဘော။

(လေး)

ကျွန်တော်က စလေအညာက နဘေဆရာကြီး ဦးပုညကို သတိရမိတယ်။ ကဗျာ၊ ဝတ္ထု၊ ပြဇာတ်စာကို မျိုးစုံအောင်ရေးတဲ့ စာဆိုကြီး ဦးပုညက မေတ္တာစာရေးတဲ့နေရာမှာလည်း ထိပ်တန်းကပဲပေါ့။

ဦးပုညရဲ့ မေတ္တာစာတွေထဲမှာ 'ပြန်ပေးမေတ္တာစာ' ဆိုတာလည်း ပါသပေါ့။ မေတ္တာစာတစ်နေရာမှာ ဦးပုညက...

"စေတနာဗလဝ၊ သိနေဟာကြောင့်၊ မေတ္တာသုတ်တစ်စောင်လုံးကို၊ ပုဒ်မ

mgyoe.com

ပါ ကျုံးပြီးလျှင်၊ မေတ္တာတုံးကြီးကြီးဖြင့်၊ ယီးတိုက်၍ ပို့လေ့ရှိသော" လို့ မေတ္တာပို့တဲ့အဖွဲ့ကို ဖွဲ့ဆိုခဲ့ဖူးပါတယ်။ မေတ္တာပို့လိုက်ပါတယ်တဲ့။ မေတ္တ သုတ်တစ်စောင်လုံးသာမက ပုဒ်မကိုပါ ထည့်ပြီး ပို့လိုက်တာပါတဲ့။

စာကျက်တဲ့အခါ ပုဒ်ထီးတွေ၊ ပုဒ်မတွေကိုပါ မကျန်ရလေအောင် ထည့်ကျက်တဲ့ ကျောင်းသူမလေးကို သတိရချင်စရာ ကောင်းလှပါရဲ့။

## (လေး)

ကျူရှင်သင်တဲ့ ပါမောက္ခ၊ တွဲဖက်ပါမောက္ခတချို့က မှတ်စုပေးတဲ့ အခါ သူတို့ပေးတဲ့ မှတ်စုကသာ အမှတ်ပေးစည်းမျဉ်းနဲ့ ညီတာမို့ အဲသည့် အတိုင်း မရေးရင် အမှတ်မရနိုင်ကြောင်း ကလေးကို ခြောက်လှန့်ပြီး စားပါ တယ်။ မှတ်စုစာအုပ်လုပ်စားတဲ့ ပါမောက္ခ၊ တွဲဖက်ပါမောက္ခတချို့ကတော့ အမှတ်များများလိုချင်ရင် သူ့စာအုပ်ထဲကအတိုင်း ရေးမှ ဆိုတဲ့ စကားမျိုး ကို ဒလန်ဆရာ၊ ဆရာမမွေးကာ မသိမသာ ဝါဒဖြန့်ပြီး မြူဆွယ်စားပါတယ်။

အဲသည်လို လူတွေရှိနေတဲ့ ပညာရေးလောကကြီးထဲမှာ ကြောက် တတ်သူကလေးတချို့ အခုနလို ပုဒ်ထီးတွေ၊ ပုဒ်မတွေပါမကျန် ထည့်သွင်း ပြီး အလွတ်ကျက်မှတ်တဲ့ အနေအထားကို ရောက်ကုန်ကြရတော့တာပါပဲ။

စာသင်တာတို့၊ စာအုပ်ထုတ်တာတို့ဟာ အပြစ်ကြီးတစ်ခုပါလို့ မယူဆသော်လည်းဘဲ ခြောက်လုံး လှန့်လုံး၊ မြူလုံး ဆွယ်လုံးတွေကတော့ ပညာရဲ့ လိပ်ပြာကို လုပ်ကြံသတ်ဖြတ်ပစ်တာနဲ့ တူလှပါတယ်။

လန်းဆန်းနုနယ် အသိမကြွယ်တဲ့ ကလေးတွေ ပုဒ်မ၊ ပုဒ်ထီး အန္တရာယ်အသီးသီးက လွတ်ကင်းကြပါစေ။ ။


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

မေ့သာပါ
ရူးသွပ်ပေ နှင်းဆီပွင့်တွေနဲ့.



mgyoe.com

mgyoe.com

## သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့

(တစ်)

ဆရာမင်းသုဝဏ်ရဲ့ ကဗျာတွေထဲမှာ 'နှင်းဆီပွင့်' ကဗျာက ထင်ရှားပါတယ်။ ကဗျာဆရာရဲ့ ဘဝတစ်စိတ်တစ်ပိုင်းလည်းဖြစ်၊ ကဗျာဆရာရဲ့ ခံစားချက်အစစ်အမှန်လည်းဖြစ်တာမို့ ကဗျာဖတ်သူကို ဝေဒနာကူးစက်ပေးနိုင်ပြီး လူကြိုက်များတဲ့ ဒွေးချိုးကဗျာကလေး ဖြစ်သွားခဲ့ရပုံ ရပါတယ်။

လယ်တောကအပြန်
ပန်ချင်တယ် ခရေဖူးဆိုလို့
မောင်ရှူးကာပေး။
မနက်တုန်းဆီက
ကြော့ဆုံးကိုမောင်မြင်တော့
သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့
ဂုဏ်တင့်တယ်လေး။

အဲဒါ ကဗျာအပြည့်အစုံပါပဲ။ ဝေ့ာ်တော့်ကို လွယ်ကူရှင်းလင်းတဲ့ ကဗျာကလေးပါ။ ငယ်ရွယ်သူတို့ရဲ့ မဆုံစည်းနိုင်လေသောအချစ်ကို ဖွဲ့တဲ့

mgyoe.com

mgyoe.com


ကဗျာပါ။ ခရေဖူးကလေးတွေ၊ ခရေပန်းကလေးတွေ ပန်ချင်တယ်လို့ လုံမက တောင်းဆိုပါတယ်။ ဒါကြောင့် လုလင်က ခရေဖူးကလေးတွေကို အမြတ်တနိုးနဲ့ ခူးလို့ပေးပါတယ်။ လယ်တောက အပြန်မှာ ခူးဆွတ်ပေးခဲ့တာပါ။ ဒါပေမဲ့ မနက်လင်းတဲ့အခါမှာတော့ လုလင်ရဲ့ဘဝတစ်ခုလုံး ချာလပတ်လည်ကာ ဖောက်ထိုးမိုးမျှော်ဖြစ်သွားပါတော့တယ်။ လုံမရဲ့ ခေါင်းမှာ ခရေမဟုတ်တော့ပါဘူး။ နှင်းဆီပွင့်တွေနဲ့။ ခရေထက်ပိုပြီး အဖိုးထိုက်တဲ့ နှင်းဆီပွင့်တွေနဲ့။

အဲသည့်မှာ လုလင်ရဲ့ ခံစားချက်ကို ကဗျာဆရာက ဖွဲ့ပါတယ်။ နှင်းဆီပွင့်တွေ ပန်ထားတဲ့ ချစ်သူဟာ ဂုဏ်နဲ့၊ ဒြပ်နဲ့ တင့်တယ်လိုက်တာတဲ့။ အဲဒါ ကျန်ခဲ့သူ ဆရာမင်းသုဝဏ်က ချန်ခဲ့သူအပေါ်မှာ မြင်တဲ့အမြင်ပါ။

သည်အကြောင်းကို ဆရာချစ်ဦးညိုက စာပေစင်မြင့်တွေပေါ်ကနေ တစ်ခါတစ်ခါ ပြောတတ်ပါတယ်။ **သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့** ဆိုတဲ့ စာသားရဲ့အနောက်မှာ ဂုဏ်မြင့်တယ်လေးတို့၊ ဂုဏ်ဝင့်တယ်လေးတို့ဆိုတဲ့ စာသားမျိုးတွေ ထည့်လိုက်ရင် ကာရန်ရော၊ အသံပါ ကိုက်ညီနေပေမဲ့ စကားလုံးရွေးချယ်မှုကို သူ မကြိုက်နိုင်တဲ့အကြောင်း၊ ဂုဏ်မြင့်တယ်ပဲဆိုဆို၊ ဂုဏ်ဝင့်တယ်ပဲဆိုဆို အပြစ်တင်တဲ့လေကလေး ရိုးတိုးရိပ်တိပ်ပါနေတယ်လို့ ယူဆမိကြောင်း၊ ချစ်သူက နှင်းဆီလေးနဲ့မို့ တင့်တယ်လိုက်တာလို့ဆိုပါမှ ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့စိတ် ပေါ်လွင်ကြောင်းဆိုတဲ့ စကားတွေပါ။ ဟုတ်ပါတယ်။ ကဗျာဆရာ (ဒါမှမဟုတ်) ကဗျာပါ ဇာတ်ဆောင် လုလင်ပျိုရဲ့ စိတ်နေကြီးမှုကို ကိုယ်စားပြုနိုင်တဲ့ စကားလုံးရွေးချယ်မှုပါ။ ငယ်ရွယ်စဉ် ဆရာမင်းသုဝဏ်ကိုယ်တိုင် ကြုံခဲ့ရတဲ့ ထပ်တူပြုဇာတ်လမ်းမို့ သည်စိတ်ဟာ ဆရာမင်းသုဝဏ်ရဲ့ စိတ်လို့လည်း ဆိုနိုင်ပါတယ်။

(နှစ်)

စာရေးဆရာမကြီး ဒေါ်ခင်စောတင့်နဲ့ ကျွန်တော်နဲ့ ရင်းနှီးပါတယ်။ တစ်ရက်မှာ ဆရာမကြီးက စာအုပ်တစ်အုပ် လူကြုံနဲ့ လက်ဆင့်ကမ်းပါတယ်။ စာအုပ်နာမည်က **'အနေတတ် အသေမြတ်စေဖို့'** ပါ။ အဲသည့်

mgyoe.com

mgyoe.com
စာအုပ်ထဲမှာ 'မှဒီတာတရားထားနိုင်ဖို့ ခက်ခဲပါသလား' ဆိုတဲ့ ဆောင်းပါး ပါဝင်ပါတယ်။

အဲသည့်ဆောင်းပါးတစ်နေရာမှာ ဆရာမင်းသုဝဏ်က 'နှင်းဆီပွင့်' ကဗျာကိုရေးတာ 'ဝမ်းသာလို့ ရေးတာ' လို့ ပြောတဲ့အကြောင်း တွေ့လိုက်မိပါတယ်။ ဝမ်းသာလို့တဲ့။ ခရေကို 'ဟင့်အင်း' ပြီး နှင်းဆီကို 'အင်း' လိုက်တဲ့ ချစ်သူကိုကြည့်ကာ ဝမ်းသာလို့တဲ့။ သဘောထားကြီးတဲ့ ချစ်ခြင်းမေတ္တာဟာ ကျက်သရေနဲ့ ပြည့်ဝလို့။

(သုံး)

သည်နေ့ ခေတ်ပြိုင်စာမျက်နှာတွေပေါ်မှာ ယောကျ်ားနဲ့ မိန်းမတို့ရဲ့ အချစ်ပုံရိပ်တွေဟာဖြင့် ရက်စက်ကြမ်းတမ်းလိုက်တာ။

ချစ်သူကောင်ကလေးက နောက်ထပ်ချစ်သူအသစ် ကောင်မကလေး တစ်ယောက်နဲ့ တွဲသွားတယ်။ ဒါကို ချစ်သူပစ်မအဟောင်းကလေးက လမ်းက စောင့်ပြီး ဓားနဲ့ထိုးတယ်။

ချစ်သူမိန်းကလေးက အလုပ်က ပြန်လာတယ်။ သူနဲ့ အဆင်မပြေတော့တဲ့ ချစ်သူကောင်လေးက နောက်ကလိုက်လာကာ အိမ်ခန်းအဝင်လှေကားထစ်မှာပဲ ဓားနဲ့ ကိစ္စပြတ်ထိုးသတ်တယ်။

ချစ်သူဟောင်း မိန်းကလေးက ဆိုင်ထဲမှာ အလုပ်လုပ်နေတယ်။ ချစ်သူဟောင်းကောင်လေးက ဆိုင်ထဲအထိ ဝင်လာကာ ဓားနဲ့ထိုးတယ်။

လမ်းခွဲသွားတဲ့ ချစ်သူမိန်းကလေးနဲ့ လမ်းမှာတွေ့တယ်။ မကျေနပ်သူ ချစ်သူဟောင်း ကောင်လေးက မျက်နှာကို ငရဲမီးနဲ့ ပက်တယ်။

မပေါင်းနိုင်တော့တဲ့ ဇနီးသည်က မိဘအိမ်မှာ သွားပြီးပြန်နေတယ်။ ခင်ပွန်းက လိုက်လာကာ အိမ်အပေါ်အထိတက်ပြီး ဓားနဲ့ ခုတ်သတ်တယ်။

ကွဲနေတဲ့ မိန်းမရှိရာဆီ ခင်ပွန်းအဟောင်းက လိုက်လာတယ်။ အတင်းအဓမ္မ လင်မယားဘဝနေရမယ်လို့ဆိုကာ အကျပ်ကိုင်ပြီး ဒါတွေကို ဓာတ်ပုံရိုက်ယူကာ Online ပေါ်တင်တယ်။ ဇနီးဟောင်း အရှက်တကွဲ အကျိုးနည်းဖြစ်တာကိုကြည့်ပြီး အဲသည့်ခင်ပွန်းဟောင်းက ကျေနပ်တယ်။

အခုခေတ် လူတချို့ရဲ့ အချစ်စိတ်ဆိုတာကြီးက တုန်လှုပ်ချောက်ချား

mgyoe.com

mgyoe.com


စရာကြီးပါ။ ဒုက္ခပေးတာတွေ၊ လက်စားချေတာတွေ၊ အရှက်ခွဲတာတွေ။

ဆရာမင်းသုဝဏ်ရဲ့ 'နှင်းဆီပွင့်' ကဗျာထဲကလို ဂုဏ်တင့်လိုက်တာလို့ဆိုတဲ့ စိတ်မျိုး ထားနိုင်ဖို့ဆိုတာက ဟိုးအဝေးကြီးမှာပေါ့။

(လေး)

လူတွေမှာ အချစ်ဝတ္ထုတွေ ရှိတယ်။ အချစ်ကဗျာတွေရှိတယ်။ အချစ်သီချင်းတွေရှိတယ်။ အချစ်ရုပ်ရှင်တွေရှိတယ်။ အချစ်ဟာ ဖွံ့ဖြိုးလာတက်လာတဲ့ စိတ်ရဲ့အနေအထား။ သမိုင်းမတင်မီခေတ်က လူတွေရဲ့ အချစ်စိတ်ကနေ အခုလူတွေရဲ့ ယဉ်ကျေးဖွယ်ရာတဲ့ အချစ်စိတ်အထိ အနုပညာနဲ့ ပြုစုပျိုးထောင်လာခဲ့ကြရတာပါ။


အခု ကျွန်တော်တို့ဆီက လူတွေ တိရစ္ဆာန်ပြန်ဆန်လာကြတာလား၊ ကျောက်ခေတ်လိပ်ပြာပြန်နိုးလာကြတာလား။ တဖြည်းဖြည်းနဲ့ ပျက်လာလိုက်ကြတာ။ အချစ်စိတ်ကလေးပါ ရစရာမရှိပါလေတော့။ ။

❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



ဝမင်းသာခို

ဘီးတွေကလိမ့်ပါ့မလား

mgyoe.com

mgyoe.com

# ဘီးတွေက လိမ့်ပါ့မလား

(တစ်)

တက္ကသိုလ် ဆရာ၊ ဆရာမ အသိုင်းအဝိုင်းမှာ နေ့ချင်းညချင်း ဆို သလို ငွေဖလားကို ရွေနားကွပ်လိုက်တဲ့လူတွေ ရှိတယ်လို့ဆိုရင် အခု သမ္မတ ကြီး ဦးထင်ကျော်နဲ့ နိုင်ငံရဲ့ ပဲ့ကိုင် ဒေါ်အောင်ဆန်းစုကြည်တို့ ယုံကြပါ့ မလား မသိဘူး။

မြန်မာနိုင်ငံရဲ့ အဆင့်မြင့်ပညာရေးမှာ ပညာကို အခြေမခံဘဲနဲ့ အလုပ် လုပ်တဲ့အချိန်ကိုတွက်ကာ ရာထူးတိုးမြှင့်ပေးတာကြောင့် ဦးနှောက်မှန်တိုင်း မဆင်ဘဲ ကိုယ့်စားပွဲမှာကိုယ် ငုတ်တုတ်ထိုင်နေရင်းက တစ်ဆင့်ပြီးတစ်ဆင့် မြင့်မြင့်တက်သွားခဲ့ကြတာမို့ ပညာရေးလောက နိမ့်နိမ့်ကျသွားရတဲ့အထဲမှာ နိုင်ငံရေးကြောင့် ခုန်ပျံကျော်သွားသွားခဲ့သူတွေကလည်း ဟိုတစ်ယောက် သည်တစ်ယောက်ပေါ့။

၁၉၈၈ အလွန် နိုင်ငံတော် လှုပ်လှုပ်ရှားရှား အခြေအနေတွေမှာ တက္ကသိုလ်ကျောင်းတစ်ခုမှာ ကျောင်းသားတွေက သမဂ္ဂအလံထူကာ သူတို့ ရဲ့ သဘောထား ထုတ်ပြန်ချက်ကို နံရံမှာ ကပ်ပါတယ်။ အဲဒါကို ဆရာ နှစ်ယောက်က ဖမ်းပါတယ်။ သက်ဆိုင်ရာကို ဖုန်းဆက်အကြောင်းကြားပါ တယ်။ ချက်ချင်း ရာထူးတက်သွားသဗျ။

mgyoe.com

mgyoe.com


ဆရာတစ်ယောက်ကျတော့ အခု လိပ်ခဲတည်းလည်းဖြစ်နေတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အကြွင်းမဲ့ လုံး၀ဥဿုံ ပုဒ်မ၊ ပုဒ်ထီး ပါမကျန် ထောက်ခံပါကြောင်း စကားတက်ပြောခဲ့တဲ့အတွက် တက္ကသိုလ်ရဲ့ တော်တော်ကြီးတဲ့ ရာထူးကြီးကို ရသွားပါတယ်။

အခု တချို့တချို့သော ပညာရေးနယ်ပယ်တွေမှာ အဲသည်လိုလူတွေက ဦးဆောင်တဲ့နေရာကနေ ပါဝင်နေတာပါ။

နေရာတိုင်း၊ ဌာနတိုင်းမှာ အဲသည်လို အခွင့်အရေးသမားတွေက မှင်သေသေနဲ့ ဟန်မပျက်ရှိနေခဲ့ကြတာပါ။

အစိုးရသစ်က တွန်းနေတဲ့ ဒီမိုကရေစီယာဉ်ကြီး ခရီးတွင်ပါ့မလား။

(နှစ်)

အခု မလှမ်းမကမ်းရက်တွေထဲမှာ ကာတွန်း ကိုအော်ပီကျယ်ဆွဲတဲ့ မျက်နှာဖုံးကာတွန်းတစ်ကွက် ပြည်သူ့အရေးဂျာနယ် အရှေ့ဆုံးမှာ တွေ့လိုက်ရပါတယ်။

ယာဉ်တစ်စီးကို လူနှစ်ယောက်က တွန်းနေတဲ့ပုံ။ ယာဉ်က တောင်စောင်းကလေးအတိုင်း ခပ်မော့မော့အနေအထား။ အားစိုက်တွန်းရမယ့် အခြေအနေပေါ့။ လူနှစ်ယောက်မှာ တစ်ယောက်က အမျိုးသား။ အရပ်အမောင်းကောင်းကောင်း၊ ဆံပင်ဖွေးဖွေး၊ မျက်မှန်နဲ့။ တစ်ယောက်က အမျိုးသမီး။ ပိန်ပိန်ပါးပါး၊ မျက်ခုံးမျက်လုံးကောင်းကောင်း၊ ပဝါကလေးခြုံလို့။ မနည်းကြီး ကိုယ်ကိုတွန့်လိမ်ကွေးကောက်ကာ တွန်းနေရကြရှာတဲ့ပုံ။

ယာဉ်ကိုကြည့်လိုက်တော့ ဘီးတွေက စိတ်ပျက်စရာ။ ဘီးတစ်ဘီးက လေးထောင့်။ နောက်ဘီးတစ်ဘီးက ဘဲဥပုံ။ တစ်ဘီးကကျတော့ အပဲ့ပဲ့အရွဲ့ရွဲ့။

တွင်ပါ့မလား အဲသည့်ခရီး။ ရောက်ပါ့မလား ပန်းတိုင်ရှိရာ။ သွက်ပါ့မလား အမြန်နှုန်း။

တပ်ဆင်ထားတဲ့ ဘီးကြီးတွေက အဲသည့်ခရီးရဲ့ အသက်ပါ။

ကာတွန်းတစ်ကွက်၊ တိုင်းပြည်ရဲ့ လက်ရှိအနေအထားပါပဲ။

mgyoe.com

mgyoe.com

(သုံး)

မကြာသေးခင်ရက်တွေတုန်းက စည်ပင်သာယာကနေ ရန်ကုန်မြို့တော်တစ်ခွင်ကို စစ်ဆင်ရေး (Operation) ဆင်းပါတယ်။ နောက်ဖေးလမ်းကြားတွေရှင်း၊ ကျူးထားတဲ့ ခြံစည်းရိုးတွေ နောက်ဆုတ်၊ လမ်းနယ်နိမိတ်ကို လွန်နေတဲ့ အမိုးတွေဖြုတ်၊ လမ်းပေါ်မှာ တက်ဆောက်ထားတဲ့ ဈေးဆိုင်တွေဖယ်ရှား။ တော်တော့်ကို ရှင်းရှင်းလင်းလင်းကြီး ဖြစ်သွားကာ မြို့ဟာ ညှဉ်းသိုးသိုးကြီးဖြစ်နေတဲ့ ဆံပင်တွေကို ညှပ်ပစ်လိုက်တဲ့လူလို ဝင်းပလို့။

နောက် လေး၊ ငါးရက်လောက်အကြာမှာ ကမာရွတ် လှည်းတန်းတစ်ဝိုက်ကို ရောက်သွားတော့ လမ်းပေါ်မှာ ဈေးဆိုင်တွေ ပြန်ဆောက်ပြီးသွားပါပြီ။ နောက်ဖေးလမ်းကြားမှာ အဖီတွေ ပြန်ထုတ်ထားပါပြီ။ အမှိုက်တွေ ပြန်ပစ်ချနေကြပါပြီ။ အမိုးတွေ၊ အမိုးတွေ ရှေ့ကို တိုးတိုးပြီး ပြန်ထုတ်ထားကြပါပြီ။

ကျွန်တော်တို့ဟာ ကိုအော်ပီကျယ်ရဲ့ ကာတွန်းထဲကလိုပဲ ဘီးအပဲ့ကြီးတွေပါ။ ဘီးလေးထောင့်ကြီးတွေပါ။ ဘီးဘဲဥပုံကြီးတွေပါ။ ဘီးတြိဂံကြီးတွေပါ။ ဟိုးအထက်အရာရှိကြီးတွေကစလို့ ရပ်ကွက်ထဲက လူတွေအထိ အဲသည့်လို ဘီးကြီးတွေက များပါတယ်။ အဲသည့်ဘီးတွေကိုတပ်ပြီး သူတို့တွန်းနေကြရတာပါ။

ဝေးပြီပေါ့။ ပန်းတိုင်။

(လေး)

နိုင်ငံပြောင်းတယ်ဆိုတာ အစိုးရပြောင်းရုံနဲ့ ပြောင်းသွားနိုင်တဲ့အရာ မဟုတ်ပါဘူး။ လူထုပြောင်းမှ ပြောင်းတာပါ။ လူထုဆိုတာ အမှုထမ်း အရာထမ်းတွေသာမက ပြည်သူပါ ပါဝင်ပါတယ်။ အဲသည့်ဘီးတွေအားလုံး ဝိုင်းစက်နေဖို့ လိုပါတယ်။

ဂျပန်က နေလို့ကောင်းတယ်၊ စင်ကာပူက နေလို့ကောင်းတယ်၊ ဩစတြေးလျက နေလို့ကောင်းတယ်၊ ယူကေက နေလို့ကောင်းတယ်လို့ ပြောနေကြရတာဟာ အဲသည့်အရပ်ကလူတွေ ကောင်းလို့ ပြောနေကြရတာပါ။

mgyoe.com

mgyoe.com


ကိုယ်ကိုယ်တိုင်က ပွဲရွဲ့ကာ ပုံမကျပန်းမကျ ဘီးတစ်ဘီး ဖြစ်နေပြီး ယာဉ်ကြီးကို နှေးတယ်လို့ အပြစ်တင်မနေပါနဲ့။ မြန်ချင်ရင် ကိုယ်တိုင်ကပါ ချွတ်လဲပစ်လိုက်။ ။


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

.mgyoe.com

# အခြေခံကို မြန်မြန်ပြောင်းပါတော့

(တစ်)

တစ်ရက် ကျောင်းဆရာမကလေးတစ်ယောက် ကျွန်တော့်အိမ်ကို ရောက်လာပါတယ်။ ပညာရေးတက္ကသိုလ်မှာတုန်းက တပည့်ဖြစ်ခဲ့ဖူးတဲ့ ဆရာမကလေးပေါ့။ တက္ကသိုလ်ကျောင်းသူကလေးဘဝကတည်းက ရင်းရင်းနှီးနှီးရှိတဲ့အပြင် အိမ်ကိုပါ ဝင်ထွက်ကာ မိသားစုနဲ့ပါ ရင်းနှီးနေတဲ့သူကလေးဖြစ်တာကြောင့် ဆိုးတိုင်ပင် ကောင်းတိုင်ပင်လို့ ဆိုပါတော့။

သူက ပညာရေးဘွဲ့ (B.Ed) ရပါတယ်။ ကျောင်းပြီးလို့ တစ်နှစ်မပြည့်ခင်ကလေးမှာကိုပဲ အလုပ်ရပါတယ်။ သူ တာဝန်ကျရာနေရာ (Posting) က ရန်ကုန်တိုင်းအတွင်းက ရွာလေးတစ်ရွာပါ။ ရန်ကုန်တိုင်းအတွင်းကလို့ ဆိုလိုက်တဲ့အတွက် သိပ်မဝေးလောက်ဘူးလို့တော့ မထင်လိုက်ပါနဲ့။ တာဝန်ကျတဲ့နေရာကို သွားကြည့်ပြီး ပြန်လာတဲ့အခါ ကျွန်တော့်အိမ်ကို ငိုပြီးတော့ တက်လာတာပါ။ အလုပ်ကို လုပ်သင့်၊ မလုပ်သင့် လာတိုင်ပင်တာပါ။

သူ တာဝန်ကျတဲ့ရွာက ရန်ကုန်တိုင်းလို့ ဆိုပေမဲ့လည်း တိုင်းရဲ့အစွန်အဖျားပါ။ ပင်လယ်နဲ့နီးတဲ့ ရွာကလေးပါ။ ရန်ကုန်ကနေ သုံးခွကို ကားစီးသွားရပါတယ်။ သုံးခွကနေ ရွာကိုသွားရတာကတော့ နွေအခါမှာ

mgyoe.com

mgyoe.com

ဆိုင်ကယ်ကယ်ရီနဲ့ သွားလို့ရပေမဲ့လည်း မိုးမှာက သွားလို့မရတဲ့ လမ်းအမျိုးအစားပါ။ ဒါ့ကြောင့် မိုးတွင်းတစ်ခုလုံး စက်လှေကလေးနဲ့ သွားရပါတယ်။ စက်လှေလမ်းကြောင်းက မိုးရာသီရောက်ပြီဆိုမှ ရေပြည့်ကာ သွားလို့ လာလို့ရတဲ့ ရေသွင်းရေနုတ်မြောင်းကြီးတစ်ခုသာပါ။ စက်လှေသုံးလေးငါးနာရီစီးပြီး ရောက်တဲ့အခါ ရွှံ့ညွန်ပြင်ကျယ်ကြီးတစ်ခုကို ဖြတ်ပြီးတက်လိုက်တော့မှ အဲသည့်ရွာကို ရောက်တာပါ။

လျှပ်စစ်မီးမရှိ၊ ရေသန့်ရေကောင်းမရှိတဲ့ အဲသည့်ရွာမှာ ရွာနဲ့ တော်တော်လှမ်းတဲ့နေရာမှာမှ အလယ်တန်းကျောင်းကလေး ရှိပါတယ်။ ဆရာမတွေ စုနေဖို့ အိမ်ကလေးတစ်လုံး ဆောက်ပေးထားပါတယ်။ အိမ်သာက အိမ်ရဲ့ အပြင်တစ်နေရာမှာပါ။

ဆိုင်ကယ်ကယ်ရီ အဆင်ပြေတဲ့ကာလမှာ ဆိုင်ကယ်နဲ့ သွားပေမဲ့ ဆိုင်ကယ်သမားကို စိတ်မချရတဲ့ဘဝ၊ မိုးတွင်းမှာ ရေလမ်းက သွားတဲ့အခါ ရေမကူးတတ်သူမို့ စိုးတထိတ်ထိတ်နေရတဲ့ဘဝ၊ ညရေးညတာ အပြင်ထွက်ဖို့ရာ ပူပန်နေရတဲ့ဘဝ၊ မူးယစ်တတ်သူ ရွာလူဆိုးတချို့က အိမ်နားကို လာကာ ရစ်သီရစ်သီ လုပ်တတ်တာကို သည်းခံသတိထားနေရတဲ့ဘဝ။ အပျိုအရွယ် ကျောင်းဆရာမကလေးတစ်ယောက်အဖို့ ဘယ်လိုမှ နေလို့မပျော်နိုင်တဲ့ အနေအထားပါ။

ဒါ့ကြောင့် သူ ကျွန်တော့်အိမ်ကို ငိုပြီးတက်လာတာပါ။ စိတ်ရှည်ရှည်နဲ့ ပါးပါးလှပ်လှပ်ကလေးနေပြီး ခြေခင်းလက်ခင်းသာတဲ့အရပ်ကို ပြန်ပြောင်းဖို့ နားချကာ ချော့ရပါတယ်။ ခုတော့ အထက်တန်းပြ ဆရာမဘဝနဲ့ ရန်ကုန်မြို့ပေါ်ကိုတောင်မှ ပြန်ရောက်နေပါပြီ။

သူ့လို စိတ်ဆင်းရဲသူ၊ သူ့ထက်ပိုလို့ စိတ်မချမ်းမသာဖြစ်ရသူ ဆရာမတော်တော်များများနဲ့ ဆရာအနည်းအပါး မြန်မာပြည်အနှံ့အပြားမှာ ရှိပါတယ်။ ကျွန်တော်တို့ ဘယ်လိုစောင့်ရှောက်ကြမလဲ။

## (နှစ်)

ဟသ်ာတနဲ့ ရန်ကုန်ကြားမှာ ကူးချည်သန်းချည် လုပ်နေခဲ့ရတုန်းက ရွာကျောင်းကလေးတွေ ရှိရာဆီကို အသွားအပြန်လုပ်ကြရရှာတဲ့ ဆရာမ

mgyoe.com

mgyoe.com

ကလေးတွေကို မကြာခဏ တွေ့ရမြဲဖြစ်ပါတယ်။

မတင်ချင်သလိုလို တင်ချင်သလိုလို မျက်နှာထားနဲ့ ကားသမားတချို့ကိုလည်း တွေ့ဖူးပါတယ်။ ငါတို့ ကားပေါ်တင်လာရတဲ့ ဆရာမတွေပဲဆိုတဲ့ သဘောထားနဲ့ ဖင်ပုတ်ခေါင်းပုတ် ထိကပါး ရိကပါးစကားတွေပြောကာ ပါးစပ်အရသာခံတဲ့ ကားသမားတွေကိုလည်း တွေ့ဖူးပါတယ်။

ဟိုး... ကားလမ်းမတစ်နေရာမှာ ဆရာမကလေးတစ်ယောက် ရပ်နေတာကို တွေ့တာနဲ့ ကားသမားအချင်းချင်း 'တစ်လုံးချိုင့်' လို့ ပြောတာကို ကြားဖူးပါတယ်။ အဆင့်မရှိပါဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။ တစ်နေရာမှာကတော့ တော့်တော့်ကို ရင့်ရင့်သီးသီး ပြောတာပါ။ 'ကြိမ်ခွေ' ဆိုလား၊ ကြိမ်ခွေက ဖောင်ကွပ်ရသတဲ့။ ဖောင်ကွပ်တော့ 'ဖွတ်ကောင်' ပေါ့တဲ့။ ဘယ်လိုပါးစပ်တွေနဲ့များ စာသင်ပေးတဲ့ ဆရာ၊ ဆရာမတွေအပေါ်မှာ သည်လိုရင့်ရင့်သီးသီးကြီးတွေ ထွက်ရဲနေကြတာပါလိမ့်။

ရှမ်းပြည်နယ်လို တောင်ပေါ်ဒေသတချို့မှာ ဆရာမကလေးတစ်ယောက်ကို မြင်လိုက်တာနဲ့ နံပါတ် နီချင်နီ၊ နက်ချင်နက် ရပ်ရပ်ပြီး တင်သွားတတ်ကြပေမဲ့ နေရာတော်တော်များများမှာကတော့ မတတ်သာလို့ဆိုတဲ့ မျက်နှာထားတွေနဲ့ တင်သွားတတ်ကြတာကြောင့် လူ့အဖွဲ့အစည်းထဲမှာ မျက်နှာငယ်လိုက်ရတာ။ ပြီးရင် လယ်ကန်သင်းရိုးကလေးတွေအတိုင်း ဒါမှမဟုတ် မြေလမ်းကလေးတွေအတိုင်း မည်းမည်းမွဲမွဲနဲ့ တောကျောင်းကလေးတွေရှိရာဆီ အရောက်သွားပြီး တစ်နေကုန် အော်ကြ ဟစ်ကြပေတော့။

သည်နှစ်ထဲမှာ ဆရာ၊ ဆရာမတွေနဲ့ပတ်သက်လို့ ကြေကွဲစရာတွေအများကြီးပါ။ ရခိုင်ဘက်မှာ စက်လှေနစ်တယ်၊ ဆရာ၊ ဆရာမတွေ သေတယ်။ အညာမှာ တောင်ကျရေတွေ ရုတ်တရက်ထိုးဆင်းလာတယ်။ ဆရာမတစ်ယောက် ရေစီးထဲ ပါသွားပြီး ဆုံးတယ်။

အထူးသဖြင့် တောကျောင်းဆရာမကလေးတွေဟာ လစာကလေးနဲ့ တိုင်းတိုင်းတိတိ အနေရဆုံး၊ အနစ်နာဆုံး၊ အပင်ပန်းဆုံး၊ မျှော်လင့်ချက်အမဲ့ဆုံး၊ ခံစားခွင့် အပါးရှားဆုံး၊ လူသူလေးပါးက အစော်ကားဆုံး။

mgyoe.com

mgyoe.com


(သုံး)

ဒေါ်အောင်ဆန်းစုကြည်က 'ပီတိကိုစား အားရှိပါ၏' ဆိုတာ လက်တွေ့မကျဘူးလို့ ဆိုပါတယ်။ ကောင်းလိုက်တဲ့ ကောက်ချက်၊ ပြတ်သားလိုက်တဲ့ မှတ်ချက်။ လက်တွေ့ကျကျ ချဉ်းကပ်ဖို့ လိုပါတယ်တဲ့။ ကျွန်တော်ကတော့ ထောက်ခံတယ်။

ရုရှားမှာ အခြေခံက ဆရာ၊ ဆရာမတွေရဲ့ လစာက တက္ကသိုလ်က ပုဂ္ဂိုလ်တွေထက် များတယ်လို့ ဖတ်ဖူးပါတယ်။ ဂျပန်မှာ အခြေခံက ဆရာ၊ ဆရာမတွေရဲ့လစာက တခြားဝန်ထမ်းတွေရဲ့ လစာထက် များတယ်လို့ ဖတ်ဖူးပါတယ်။ ထိုင်းမှာ ကျေးလက်က ဆရာ၊ ဆရာမတွေကို ဆိုင်ကယ်တွေချပေး၊ ဓာတ်ဆီ အခမဲ့ထည့်ခွင့်ပေးကြောင်း ဖတ်ဖူးပါတယ်။

ဟိုတစ်နေ့က ပါမောက္ခတစ်ယောက်နဲ့ စကားပြောတော့ အခြေခံက ဆရာ၊ ဆရာမတွေကို အထူးချီးမြှင့်ငွေတွေ ထပ်ဆောင်းပေးပြီး အေးအေးလူလူနဲ့ ကျက်သရေရှိရှိနဲ့ စာသင်နိုင်အောင် မြန်မြန်လုပ်ပေးသင့်တယ်ဗျာတဲ့။

ဒါပေါ့။ လူတွေကို ပြုပြင်ပျိုးထောင်တဲ့ အလုပ်လုပ်နေတဲ့လူတွေကို လူလိုသူလို တန်ဖိုးထား မြှင့်တင်ပေးရမှာပေါ့။ စဉ်းစားမနေစမ်းပါနဲ့၊ တွေဝေမနေစမ်းပါနဲ့။

မြန်မြန်အကောင်အထည်ဖော်စမ်းပါ။ ဒါကို မကျေနပ်တဲ့ ဝန်ထမ်းတွေလည်း ရှိချင် ရှိလာကြမှာပေါ့။

ကျွန်တော်ကတော့ အဲသည့်လိုလူတွေကို တစ်ခွန်းပဲ ပြောချင်တယ်။ ဒါဆို ခင်ဗျားတို့ ဝင်လုပ်ပေါ့လို့။ ဒါမှမဟုတ်လည်း လဲသေလိုက်။ ။


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# မနစ်မချင်း စိတ်နဲ့နှစ်သူများ

(တစ်)

အခုရက်ထဲမှာ ပြောင်းဆန်နေတဲ့ အသံတွေကတော့ ချင်းတွင်းမြစ်ထဲမှာ မော်တော်နစ်တဲ့သတင်းနဲ့ အဲသည့်သတင်းကို အခြေခံကာ တုံ့ပြန်ဝေဖန်သုံးသပ်ကြတဲ့ အသံတွေပဲဖြစ်ပါတယ်။ အောင်စိုးမိုးကျော်တဲ့… မော်တော်နာမည်က။ ဟုမ္မလင်းကနေ ထွက်လာတဲ့ မော်တော်။ အောက်တိုဘာလ ၁၅ ရက်နေ့၊ မနက် ၅ နာရီမှာ မိကျောင်းတွင်းဆိုတဲ့ ရွာကလေးအပါးက ချင်းတွင်းမြစ်ထဲမှာနစ်တာ။ သေလိုက်တဲ့လူတွေ။ မြန်မာနိုင်ငံမှာတော့ လူ့အသက်ဆိုတာ ဖက်ရွက်ကလေးတစ်ရွက်လောက်တောင်မှ တန်ဖိုးမရှိပါဘူးလေ။

မော်တော်ပေါ်က ကံကောင်းထောက်မစွာ အသက်မသေဘဲ ကျန်ရစ်ခဲ့ကြသူတွေရဲ့ စကား၊ ဘေးပတ်ဝန်းကျင်က ရှုမြင်သုံးသပ်သူတွေရဲ့ စကား၊ ကြားကြားသမျှ အလုံးစုံသော သူတွေရဲ့ စကားတွေအရ တူညီတဲ့ အချက်အလက်ကတော့ ခရီးသည်တွေကို အဆမတန်တင်ထားတယ်ဆိုတာပါပဲ။ ပြီးတော့ နောက်တစ်ချက်က သက်ကယ်ဖောကွင်းလို လူ့အသက်ကို ကာကွယ်မယ့်ပစ္စည်းတွေ လုံလုံလောက်လောက် (ဒါမှမဟုတ်) လုံးဝမပါရှိတာပါပဲ။ ကာတွန်းဆရာ ကိုအော်ပီကျယ်ရဲ့ လေကလေးငှားပြောရရင်

mgyoe.com

mgyoe.com


မြန်မာပြည်မှာက သေလို့ကောင်းတယ်ဟာလို့ပဲ ဆိုပါတော့။

(နှစ်)

တစ်ခါက အရပ်ထဲမှာ ရုပ်ပြေးလို့ခေါ်တဲ့ အမြန်မော်တော်တစ်စင်းနဲ့ ခရီးသွားဖူးပါတယ်။ မော်ကျွန်းတို့လို၊ ဘိုကလေးတို့လို မြစ်ဝကျွန်းပေါ် ဘက်က မြို့တစ်မြို့ရှိရာဆီ ခရီးနှင်တာပါ။ မိတ်ဆွေစာရေးဆရာ တစ်ယောက်စ၊ နှစ်ယောက်စလည်း ပါပါရဲ့။ မော်တော်ရဲ့ခရီးအစကတော့ ရန်ကုန်မြို့ မော်တင်ဆိပ်ကမ်းပဲပေါ့။ ပွဲတော်ချိန်တစ်ခုနဲ့ နီးကပ်နေလို့ ထင်ပါရဲ့၊ ဆိပ်ခံဖောတံတားပေါ်မှာ လူတွေ ဖွေးဖွေးလှုပ်လို့။ မော်တော်က ခံနိုင်ဝန်ထက် သုံးဆလောက်ပိုတင်ထားတဲ့ အနေအထားပါ။ မော်တော် အတွင်းက ခရီးသည်တွေ စီးနင်းလိုက်ပါတဲ့နေရာကို အသာထားလိုက်ပါ တော့။ မော်တော်ရဲ့ အမိုးတစ်ခုလုံးမှာကိုပဲ ခရီးသည်တွေ... ခရီးသည်တွေ က ခြေချစရာ မရှိတော့ပါဘူး။ ကုန်ပစ္စည်းတွေကလည်း အမျိုးကို စုံလို့။ စက်ဘီးတွေရော၊ အဝတ်လှန်းတဲ့စင်တွေရော၊ ပန်ကာတွေရော၊ မတ်တတ် လေအေးပေးစက်တွေရော ရှုပ်ပွေနေတာပါ။

လက်မှတ်ရေးတဲ့လူက စားပွဲတစ်လုံးနဲ့ ဖောတံတားပေါ်မှာပါ။ ကျွန်တော်က သူ့စားပွဲရှေ့ကိုသွားပြီး ခရီးသည်တွေက ဘယ်လောက်အထိ တင်မှာလဲလို့ မေးလိုက်ပါတယ်။ ပြန်ဖြေပုံက သိပ်ကို ရင့်သီးပါတယ်။ တိရစ္ဆာန်ဆန်ပါတယ်။ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်ဆိုတဲ့ အာဏာရှင်စိတ်ဟာ မော်တင်ဖောတံတားပေါ်က လက်မှတ်ရောင်းတဲ့ စားပွဲပေါ်ကိုပါ ရောက်လာပါတယ်။

"မနစ်မချင်း တင်မှာ" တဲ့။

မြန်မာနိုင်ငံသား ခရီးသွားတစ်ယောက်ရဲ့ နေရာက ဘယ်လိုများ ခံစားရပါသလဲ။ အဲသည့်လို မနစ်မချင်းတင်မှာဆိုတဲ့ စိတ်ကပဲ သည်နိုင်ငံ သားတွေရဲ့ အသက်ကို ဖက်ရွက်ကလေးတွေလို လုပ်ပစ်လိုက်တာပါ။

ခုတော့... နစ်ပြီ။

mgyoe.com

mgyoe.com


(သုံး)

ကော့သောင်းကနေ ထိုင်းနိုင်ငံ ရနောင်းဘက်ကို ကူးတဲ့အခါ ပါချန်မြစ်ကို ဖြတ်ကူးရပါတယ်။ ရနောင်းဘက်က ထိုင်းတွေ ကော့သောင်းဘက်ကမ်းကို လာလေ့ရှိကြတယ်ဆိုပေမဲ့ မြန်မာနိုင်ငံသားတွေ ကော့သောင်း ကနေ ရနောင်းဘက်ကို သွားတာက ပိုများပါတယ်။

ပါချန်မြစ်အလယ်မှာ ကျွန်းတစ်ကျွန်းရှိပါတယ်။ ထိုင်းရဲက လုံခြုံရေးယူထားတဲ့ကျွန်းပါ။ ပါချန်မြစ်ကို ကူးဖြတ်ကြသူမှန်သမျှ အဲသည့်ရဲကင်းကိုဝင်ရပါတယ်။ သူတို့စစ်တဲ့အထဲမှာ သက်ကယ်ဖောပါပါတယ်။ ခရီးသည်ကိုယ်စီမှာ သက်ကယ်ဖောပါရဲ့လား၊ ဝတ်ထားရဲ့လား အကုန်စစ်ပါတယ်။ စက်လှေသမားတွေ သိပ်ကြောက်ပါတယ်။ မပါခဲ့ရင်၊ မဝတ်ခဲ့ရင် ပြဿနာအကြီးကြီးပဲဆိုတာ သူတို့နားလည်ပါတယ်။

ဂျပန်တို့၊ စင်ကာပူတို့၊ ဩစတြေးလျတို့ သွားလို့ ကားရှေ့ခန်းမှာ တက်ထိုင်တဲ့အခါ ဒရိုင်ဘာတင်မကပါဘူး၊ သူ့ဘေးမှာ ထိုင်တဲ့သူကပါ ခါးပတ်ပတ်ရပါတယ်။ မပတ်လို့မရပါဘူး။ ဒရိုင်ဘာကလည်း အတင်းပတ်ခိုင်းပါတယ်။ ပျက်ကွက်ရင် ပြဿနာက အကြီးကြီးမဟုတ်လား။

သူတို့ဆီက ဘတ်စ်ကားတွေက ကြိုက်သလိုတင် ကားတွေ မဟုတ်ပါဘူး။ မတ်တတ်ရပ်စီးခွင့်က အကန့်အသတ်နဲ့ပါ။ သုံး၊ လေး၊ ငါးယောက်တန်သည်တင်ပြီးတဲ့အခါ တံခါးပိတ်ပစ်လိုက်တာပါပဲ။ ထပ်မတက်နဲ့တော့။ ပိုက်ဆံမလိုဘူး။

ဂျပန်မှာ ကူးတို့သင်္ဘောတွေ စီးဖူးပါတယ်။ သင်္ဘောတွေက ထိပ်တန်းသင်္ဘောကြီးတွေပါ။ ခရီးသည်က အကန့်အသတ်နဲ့ပါ။ သက်ကယ်ဖောတွေက အပြည့်ပါ။ ကျွန်တော့်စိတ်ထင် ခရီးသည်ကိုယ်စီအတွက်လောက်ကိုပဲ များပြားမယ်ထင်ပါရဲ့။

လုံခြုံလိုက်တာ၊ စိတ်ချလိုက်တာ။

(လေး)

မနစ်မချင်း တင်မှာဆိုတဲ့ ကျွန်တော်တို့နိုင်ငံမှာ၊ မတိုက်မချင်း မောင်းမှာဆိုတဲ့ ကျွန်တော်တို့နိုင်ငံမှာ ပြီးပြီဆိုတာနဲ့ ထွက်လာပါပြီ။ သုံးသပ်ချက်

mgyoe.com

mgyoe.com


တွေ၊ ဝေဖန်ချက်တွေ၊ အကဲဖြတ်ချက်တွေ၊ ရှေ့လုပ်ငန်းစဉ်တွေ၊ စီမံကိန်းတွေ။

အခြေခံလူထုဟာ ကိုယ့်အသက်ကလေးကိုပဲ ကိုယ်ရှင်အောင်လို့ မနည်းမွေးနေကြရတာပါ။ ပိုင်ဆိုင်မှုရယ်လို့ ဘာမှမည်မည်ရရ မရှိရှာသူတွေပါ။ ဒါလေးကိုတော့ ဖြစ်ကတတ်ဆန်း ပျက်စီးသွားအောင် မလုပ်သင့်ပါဘူး။ အစိုးရမှာ တာဝန်ရှိပါတယ်။ ဘယ်သူပျက်ကွက်တာလဲ၊ ဘယ်သူစည်းကမ်းမဲ့တာလဲ၊ ဘယ်သူပေါ့ဆတာလဲ၊ ထိုက်တန်အောင် အရေးယူပေါ့။

အသက်တစ်ချောင်းဟာ ဘာနဲ့မှ အလျော်ပေးလို့ မရနိုင်ပါဘူး။ ။

❑

mgyoe.com

mgyoe.com
mgyoe.com




mgyoe.com
mgyoe.com

mgyoe.com

# စိတ်တွေပါ ဆင်းရဲသွားကြပြီလား

(တစ်)

ကျွန်တော်တို့ဆီမှာ ဆရာမ ဂျူး ကောက်နုတ်ဖြတ်တောက်ကာ အောက်ခြေသန်းတစ်ထောင် ဆိုတဲ့နာမည်နဲ့ ဘာသာပြန်ခဲ့တဲ့ စာအုပ်တစ်အုပ် ရှိပါတယ်။ မူရင်းက The Bottom Billion ပါ။ မူရင်းစာရေးဆရာက ပေါလ်ကော်လီယာ (Paul Collier) တဲ့။ Oxford တက္ကသိုလ်မှာ ဘောဂ ဗေဒပါမောက္ခလုပ်ခဲ့တဲ့ စာရေးဆရာပေါ့။ အဲသည့်စာအုပ်က ၂၀၀၇ ခုနှစ် က ထုတ်ဝေတဲ့စာအုပ်။ ဆင်းရဲခြင်းရဲ့အကြောင်းတွေကို မြည်းစမ်းခွင့်ရခဲ့တဲ့ စာအုပ်ကလေးပဲပေါ့။

အခုတစ်လောမှာ အင်တာနက်ထဲဝင်ကာ ဆင်းရဲတဲ့အကြောင်းတွေ ကို လှျောက်ကြည့်နေမိပါရဲ့။

The Poorest Countries in the World 2015 ဆိုတဲ့ ကမ္ဘာ့အဆင်း ရဲဆုံးနိုင်ငံများဆိုတာကြီးကို တွေ့တဲ့အခါ ကိုယ့်နိုင်ငံ နံပါတ်ဘယ်လောက် ချိတ်မှာလဲဆိုတာ ကြည့်ရပါတယ်။ ၁၈၅ နိုင်ငံမှာ ၅၅ ချိတ်တယ်ဆိုတော့ တော်သေးတာပေါ့လို့ အောက်မေ့ရပါရဲ့။

Top Ten Poorest Countries in Asia 2016 ဆိုတာကို ကြည့်လိုက် မိတဲ့အခါကျတော့ နည်းနည်းကလေး စိတ်အားငယ်သွားပါတယ်။ အာရှ

mgyoe.com

mgyoe.com


တိုက်ရဲ့ ထိပ်တန်းဆင်းရဲသား နိုင်ငံ ၁၀ နိုင်ငံလို့ ဆိုတာကိုး။ မြန်မာနိုင်ငံက နံပါတ်(၃) ဆိုပဲ့လား။ အာဖဂန်နစ္စတန်နဲ့ နီပေါပြီးရင် ကိုယ်က အဆင်းရဲဆုံး။ အဲသည့်မှာတော့ နည်းနည်းကလေး စိတ်ညစ်သွားမိတယ်။

ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ၊ အဆင်းရဲဆုံးနိုင်ငံဆိုတာကို လူတစ်ယောက် တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁,၀၈၆ အောက်လို့ သတ်မှတ်ပေးတာ ရှိခဲ့ဖူးပါတယ်။ တစ်ခါ Low Income Countries ဆိုပြီးတော့ ဝင်ငွေအနိမ့်ကျဆုံးနိုင်ငံကို တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁,၀၂၆ အောက်လို့ သတ်မှတ်တာကိုလည်း တွေ့ခဲ့ရဖူးပါတယ်။

ဘာပဲဖြစ်ဖြစ် အကြမ်းပြောရရင် လူတစ်ယောက်ရဲ့ တစ်လဝင်ငွေဟာ မြန်မာငွေ ကျပ် ၁၅၀,၀၀၀ မှ မရဘူးလို့ဆိုခဲ့ရင် အဲဒါ ဆင်းရဲတာပါပဲ။ သေချာတာပေါ့။ မြန်မာနိုင်ငံ ဆင်းရဲတယ်ဆိုတာ။

(နှစ်)

အမျိုးသားပညာဝန် စာရေးဆရာကြီး ဦးဖိုးကျားက မြန်မာ့ကျေးလက်လူထုဘဝ မချမ်းသာဘဲနဲ့ မြန်မာနိုင်ငံ မချမ်းသာပါဘူးဆိုတဲ့ အတွေးအခေါ်ကို 'မိတဆိုး ရှင်ပြု' လို ကိုယ်တွေ့ဝတ္ထုတိုမျိုးမှာ ထည့်သွင်းရေးသားခဲ့ဖူးပါတယ်။ ဆရာဇေယျလို ထိပ်သီးစာရေးဆရာကြီးကလည်း ကျေးလက်ချမ်းသာမှ တိုင်းပြည်ချမ်းသာမယ်ဆိုတဲ့ အတွေးမျိုးနဲ့ ကျေးလက်နောက်ခံဝတ္ထုဆောင်းပါးတွေ အများအပြားရေးခဲ့ဖူးပါတယ်။

မှန်ပါတယ်၊ ဆင်းရဲပါတယ်ဆိုတဲ့ မြန်မာနိုင်ငံဟာ ကျေးလက်ဒေသမှာ ပိုပြီးဆင်းရဲပေမှာပေါ့။

ဆင်းရဲတာက နှစ်မျိုးရှိပါတယ်။ ကိုယ်ဆင်းရဲတာနဲ့ စိတ်ဆင်းရဲတာပါ။ လွယ်လွယ်ပြောရရင် ဝင်ငွေနည်းတာဟာ ကိုယ်ဆင်းရဲတာပဲပေါ့။ အတွေးအခေါ် အသိအမြင် ဗဟုသုတခံစားမှုဆိုတာမျိုးတွေ နိမ့်ကျခေါင်းပါးတာကတော့ စိတ်ဆင်းရဲတာပေါ့။

ကျွန်တော်တို့ဟာ တစ်နိုင်ငံလုံး၊ အထူးသဖြင့် ကျေးလက်ဒေသတစ်ခုလုံးဟာ ကိုယ်လည်းဆင်းရဲ၊ စိတ်လည်းဆင်းရဲကြရှာပါတယ်။

mgyoe.com

mgyoe.com

(သုံး)

မြန်မာ့ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နည်းပြောရရင် ဆင်းရဲခြင်းက လွတ်ကင်းရေးအတွက် တောင်ကိုရီးယားရဲ့ အကူအညီနဲ့ ဖွင့်ထားတဲ့ သင်တန်းကလေးတစ်ခုရှိပါတယ်။

မြန်မာဆယ်မာအူးလ်အွန်ဒန်သင်တန်းကျောင်းပါ။ Myanmar Saermaul Undong Academy လို့ခေါ်ပါတယ်။ ဆယ်မာဆိုတာက ကိုရီးယားစကားပါ။ ကျေးရွာသစ်လို့ အဓိပ္ပာယ်ရပါတယ်။ အူးလ်အွန်ဒုန် ဆိုတာကလည်း ကိုရီးယားစကား လှုပ်ရှားမှုလို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် မြန်မာကျေးရွာသစ်လှုပ်ရှားမှုသင်တန်းလို့ ဆိုနိုင်ပါတယ်။ ရန်ကုန် အလွန် လှည်းကူးမြို့နယ်ထဲက ဇရပ်ကွင်းရွာကလေးမှာရှိတဲ့ ဗဟိုစိုက်ပျိုးရေးသုတေသနနဲ့ လေ့ကျင့်ပညာပေးဌာနမှာ မြန်မာနဲ့ တောင်ကိုရီးယား ပေါင်းဖွင့်ထားတဲ့ ကျောင်းပါ။ မြန်မာနိုင်ငံအနှံ့အပြားက ကျေးရွာတွေဆီကနေ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အုပ်ချုပ်ရေးမှူးအပါအဝင် ကျေးရွာခေါင်းဆောင်တွေကို ရပ်သစ်ရွာသစ် တည်ဆောက်မယ့်သူတွေမှာ ရှိရမယ့် အရည်အချင်းတွေကို သင်တန်းပေးနေတာပါ။

ကျွန်တော် သွားရောက် ဟောပြောပေးနေရတာကိုကပဲ ငါးကြိမ်ဝန်းကျင် ရှိခဲ့ပါပြီ။ မြန်မာတွေ မဆင်းရဲကြဖို့၊ အထူးသဖြင့် ကျေးတောနေတွေ မဆင်းရဲကြဖို့။

ကိုယ်ရော စိတ်ပါ မဆင်းရဲကြဖို့။ အသိဉာဏ်တံခါး၊ ခံစားမှုတံခါးကို ဖွင့်ထားကြဖို့။

(လေး)

ကျေးလက်ရဲ့ စိတ်ဆင်းရဲပုံ သတင်းတစ်ပုဒ်ကို အခုရက်ထဲမှာ ဖတ်ရပါတယ်။

ရန်ကုန်နဲ့ ဘာမှမဝေးတဲ့မြို့။ တွံတေးမြို့။ တွံတေးဝဆိုတဲ့ရွာက ကြေကွဲစရာ အဖြစ်အပျက်။ မိသားစုလေးစုကို တစ်အိမ်တည်းမှာ စုခေါ်ကာ သရဲပူးတယ်ဆိုပြီး ပယောဂဆရာက ရိုက်သတ်တာကြောင့် အပြစ်မဲ့ကလေးငယ် သုံးဦး သေဆုံးရတဲ့အမှု။ မိသားစုတစ်စုက သုံးနှစ်အရွယ်သားကလေး

mgyoe.com

mgyoe.com

သေပါတယ်။ ဒါကို ရေထဲမျှောပစ်လိုက်ပါတယ်။ နောက် မိသားစုတစ်စုက ရှစ်လသမီးကလေး သေပါတယ်။ မြှုပ်ပစ်ပါတယ်။ နောက်မိသားစုတစ်စုကတော့ နှစ်နှစ်အရွယ် သမီးကလေးသေတာကိုမြှုပ်၊ လေးနှစ်အရွယ် မသေတဲ့ ကလေးကို ဆေးရုံပို့ရပါတယ်။ အဲဒါကို မိသားစုလေးစုစလုံးက သရဲကို ပညာပေးနေတာပဲဆိုပြီး ထိုင်ကြည့်နေကြတာပါတဲ့။

သည်ခေတ်ကြီးထဲမှာ၊ အင်တာနက်ချိတ်ဆက်ထားတဲ့ သည်ခေတ်ကြီးထဲမှာ၊ ၂၀၁၆ အောက်တိုဘာ ၁၈ မှာ၊ ရန်ကုန်ကနေ ဆယ့်လေးငါးမိုင်ပဲဝေးတဲ့ တွံတေးမှာ။

ဆင်းရဲလိုက်ကြတာ။ ကိုယ်တစ်ခုတည်းမဟုတ်ဘူး။ စိတ်ပါ ဆင်းရဲတာ။ အသိဆင်းရဲ၊ အမြင်ဆင်းရဲ၊ အယူအဆဆင်းရဲ၊ အတွေးအခေါ်ဆင်းရဲ၊ စိတ်ခံစားမှုဆင်းရဲ။ ကမ္ဘာကြီးက ဆင်းရဲမှုကို ဝင်ငွေတစ်ခုတည်းနဲ့ တိုင်းနေတာ။ လူတွေရဲ့ အသိပညာနဲ့ပါ တိုင်းရမှာ။

ဒါဆို မြန်မာနိုင်ငံ ဘယ်အဆင့်လောက်မှာများ ချိတ်နေလေမလဲမသိ။

(ငါး)

သူ့ကျွန်ခေတ် ၁၉၃၇ ခုနှစ်က မြန်မာနိုင်ငံမှာ နဂါးနီစာပေအသင်းဆိုတော့ ပေါ်ဖူးပါတယ်။ မြန်မာအမျိုးသားတို့ အသိအမြင် တိုးပွားရေးရည်ရွယ်ချက်နဲ့ပါ။ စိတ်မဆင်းရဲကြစေဖို့လို့ ဆိုပါတော့။ မအဖို့၊ မထူဖို့၊ မထိုင်းဖို့။

နဂါးနီသီချင်းကိုယ်တိုင်က ‘ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါမည်’ လို့ဆိုထားတယ်မဟုတ်လား။ အသိအမြင် မဆင်းရဲရလေအောင် နဂါးနီအသင်းက စာပေနဲ့ လမ်းပြပါရစေတဲ့။


တွံတေးကအဖြစ်ဟာ အသိအမြင်၊ ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာ ဆင်းရဲလို့ ဖြစ်တဲ့ကိစ္စပဲပေါ့။

နိုင်ငံသားတွေ၊ အထူးသဖြင့် တောကလူတွေ စိတ်မဆင်းရဲဖို့ရာ စာများများဖတ်ကြစို့လို့ပဲ ပြောစရာရှိပါရဲ့ဗျာ။ ။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဒါ ဘယ်သူဥတဲ့ ဘဲဥတွေပါလိမ့်

(တစ်)

ဟသ်ာတမြို့မှာ နေဖြစ်ခဲ့စဉ်တုန်းက တစ်ရက် ဈေးဝယ်ထွက်တဲ့အခါ ကြက်ဥ၊ ဘဲဥချည်းပဲ သတ်သတ်ရောင်းတဲ့ ဆိုင်ကနေ ဘဲဥငါးလုံး ဝယ်ဖြစ်ပါတယ်။ အိမ်ပြန်ရောက်လို့ ချက်မယ် ပြုတ်မယ်လုပ်တော့ နှစ်လုံးက အပုပ်။ ဒါနဲ့ နောက်တစ်ရက် ဈေးထဲကိုရောက်ပြန်တော့ အဲသည်ကြက်ဥ၊ ဘဲဥဆိုင်ကလေးရှေ့မှာရပ်ကာ အပြစ်တင်တဲ့ သဘောတို့၊ အစားပြန်ရလိုချင်တဲ့ သဘောတို့ ဘာတစ်ခုမှ မပါဘဲနဲ့ ရင်းကလည်း ရင်းနှီးနေတဲ့သူဖြစ်တာကြောင့် ဆိုင်ရှင်အပျိုကြီးကို ပြောမိပါတယ်။ ဘဲဥနှစ်လုံး ပုပ်နေပါတယ်ပေါ့။ သူကလည်း ရယ်ရယ်မောမောနဲ့ကိုပဲ တုံ့ပြန်ပါတယ်။

ကျွန်မဥတာ မဟုတ်ဘူးဆရာ... တဲ့။

ရုတ်တရက်တော့ ဝါးခနဲ ရယ်ချလိုက်ဖို့ ကောင်းတဲ့အဖြေပဲပေါ့။ သူဖြေပုံက ရယ်လည်း ရယ်စရာကြီးပါ။ ဒါပေမဲ့ သေသေချာချာ စဉ်းစားလိုက်တော့ ဒါဟာ တာဝန်ယူမှု၊ တာဝန်သိမှုမရှိတဲ့ စကားပါ။ ရက်စပွန်ဇဘလတီ (Responsibility) မရှိတာလို့ ဆိုရမှာပေါ့။

သည်လို စိတ်သဘောထားမျိုးကို ကျွန်တော်တို့နိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့်ကြီးကိုပဲ တွေ့နိုင်ပါတယ်။

mgyoe.com

mgyoe.com


တစ်ခါက ဘတ်စ်ကားစီးသွားတဲ့အခါ ဖင်ထိုင်ခုံမှာ မသေမသပ်ရိုက်ထားတဲ့ သံငုတ်က အမျိုးသမီးတစ်ယောက်ရဲ့ ထဘီကို ပြဲသွားစေပါတယ်။ ယာဉ်နောက်လိုက်က စပ်ဖြဲဖြဲမျက်နှာနဲ့ ပြန်ပြောလိုက်ပုံက ထဘီအသစ်ရတာပေါ့ အစ်မရယ်တဲ့။ ဘယ်လိုမှ ရယ်စရာမကောင်းပါဘူး။

သဘော်ာနစ်တော့လည်း တာဝန်ယူမယ့်သူမရှိ၊ ကားမှောက်တော့လည်း တာဝန်ယူမယ့်သူမရှိ၊ ဓာတ်ကြိုးပြတ်ကျတော့လည်း တာဝန်ယူမယ့်သူ မရှိ၊ ရေမြောင်းတွေပိတ်တော့လည်း တာဝန်ယူမယ့်သူမရှိ၊ အများပိုင်မြေတွေပေါ်မှာ အနိုင်ကျင့်ဗိုလ်ကျ ပိတ်ဆို့ကြတာတွေကိုလည်း တာဝန်ယူမယ့်သူမရှိ။

ဟောသည့် ဘဲဥက ကျွန်မ ဥတာမဟုတ်ဘူးဆိုတာနဲ့ ပြီးသွားရောလား။

(နှစ်)

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ ပြောကြ ဆိုကြတဲ့အခါ တချို့က အခြေခံမှု ငါးချက်ရှိတယ်ဆိုပြီး ပြောလေ့ရှိပါတယ်။

၁။ တာဝန်ယူမှု
၂။ ပွင့်လင်းမှု
၃။ ပါဝင်လှုပ်ရှားမှု
၄။ ထိရောက်မှု
၅။ ပူးပေါင်းဆောင်ရွက်မှု... တဲ့။

တချို့ကလည်း နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ရာ အခြေခံလိုအပ်ချက် ရှစ်ချက်လို့ ဆိုကြပြန်ပါတယ်။

၁။ တာဝန်ယူမှုနဲ့ စာရင်းရှင်းနိုင်မှု
၂။ ပါဝင်လှုပ်ရှားမှု
၃။ တရားဥပဒေစိုးမိုးမှု
၄။ ပွင့်လင်းမှု
၅။ တုံ့ပြန်မှု
၆။ နားလည်သဘောတူညီမှု

mgyoe.com

mgyoe.com

၇။ ထိရောက်စွာ စွမ်းဆောင်နိုင်မှု
၈။ အားလုံးကို သိမ်းသွင်းမှု... တဲ့။

အဲဒါတွေဟာ Good Governance ဆိုတဲ့ စီမံအုပ်ချုပ်ပုံကောင်းတဲ့ နိုင်ငံတစ်ခုရဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့အကြားမှာ သန္ဓေတည်နေတဲ့ အချက်တွေလို့ ပညာရှင်တွေက ပြောလေ့ဆိုလေ့ ရှိကြပါတယ်။ ရှစ်ချက်ပဲ ပြောပြော၊ ငါးချက်ပဲပြောပြော၊ ကိုယ့်ဘာသာကိုယ် လိုတိုးပိုလျှော့ နံပါတ်စဉ်တပ်ကာ ကြိုက်သလိုပြော၊ တာဝန်ယူမှု (Responsibility) ဆိုတဲ့အချက်ကတော့ ပါနေမှာပါပဲ။

လူဟာ ကိုယ့်ကိစ္စကိုယ် တာဝန်ယူရပေမှာပေါ့။ ကိုယ်ကျူးလွန်ထားတဲ့အတွက် ကိုယ်ခံ။ ကိုယ့်ပေါ့လျော့မှုအတွက် ကိုယ်တောင်းပန်။ ကိုယ်ယူထားတဲ့အကြွေးကို ကိုယ်ဆပ်။ သည်အခြေခံသဘောထားတစ်ခုတည်းနဲ့ ကိုပဲ တော်တော်များများကိစ္စတွေက ပြီးပြတ်သွားစမြဲဖြစ်ပါတယ်။

(သုံး)

ဂျပန်နိုင်ငံ တိုကျိုမြို့တော်မှာ မြို့ပတ်ရထားစီးတုန်းက အတွေ့အကြုံတစ်ခုကို အမှတ်ရနေမိပါတယ်။ တိုကျိုကိုပတ်တဲ့ မြို့ပတ်ရထားတွေက ငါးဆယ့်ကိုးမိနစ်တိတိကို တစ်ပတ်ပတ်နေတဲ့ ရထားတွေပါ။ အချိန် အလွန်တိကျပါတယ်။ တစ်ခါမှာတော့ တွဲတစ်တွဲပေါ်မှာ Wheel chair နဲ့ မသန်စွမ်းသူ ခရီးသည်တစ်ဦး ပါလာပါတယ်။ သူ့ကို အဆင်းအတက်လုပ်ချိန်ကလေး စောင့်ပေးရတဲ့အတွက် အချိန်ကလေး နည်းနည်းပိုကြာသွားပါတယ်။ အဲဒါကို ဂျပန်ရထားက နေရာအနှံ့မှာ တပ်ဆင်ထားတဲ့ ဆောင်းဘောက်ခ်ကတစ်ဆင့် ကြေညာပေးပါတယ်။

"ကျွန်မတို့ရဲ့ရထားဟာ ငါးဆယ့်ကိုးမိနစ်တိတိမှာ တိုကျိုမြို့တော်ကို တစ်ပတ်ပတ်ရမှာဖြစ်ပေမဲ့ ယခုခရီးစဉ်မှာ မသန်စွမ်းခရီးသည်တစ်ဦးကို တင်ဆောင်လာတဲ့အတွက် မိနစ်ခြောက်ဆယ် ကြာညောင်းမှာဖြစ်ပါတယ်။ ခရီးသွားတို့ရဲ့အချိန်ကို တစ်မိနစ်ပိုသုံးမိတဲ့အတွက် ခွင့်လွှတ်ဖို့ရာ တောင်းပန်အပ်ပါတယ်ရှင်"

အချိန်တစ်မိနစ်တိတိ ပိုကြာသွားတဲ့အတွက် ကိုယ့်တာဝန်ကိုယ်ယူ

mgyoe.com

mgyoe.com

ကာ တောင်းပန်နေတဲ့ ဂျပန်မီးရထားဝန်ဆောင်မှုအပေါ် ကျွန်တော် ကြည်နူး မိတာအမှန်ပါ။

ဂျပန်ကလာတဲ့ သတင်းတွေမှာ အဲသည့်လို တာဝန်ခံမှု (Responsibility) နဲ့ ဆက်နွယ်တဲ့ သတင်းတွေက မကြာခဏပါပဲ။

၂၀၀၉-၂၀၁၀ တုန်းက ဘရိတ်စနစ် ချွတ်ယွင်းတယ်လို့ဆိုပြီး တိုယို တာကုမ္ပဏီက ကားအစီးရေ ၁၂ သန်း ပြန်သိမ်းပါတယ်။

တစ်ခါ ၂၀၁၅ တုန်းက လေအိတ်စနစ် ချို့ယွင်းလို့ဆိုပြီး တိုယိုတာ ကပဲ ကားအစီးရေ ၁၀ သန်း ပြန်သိမ်းပြန်ပါတယ်။ အဲသည့် ၂၀၁၅ ထဲမှာ ပဲ တံခါးစနစ် ချို့ယွင်းတယ်ဆိုပြီး တိုယိုတာက ကားအစီးရေ ၆.၅ သန်း ပြန်သိမ်းပြန်ပါတယ်။

၂၀၁၆ ထဲမှာလည်း သည်အတိုင်းပါပဲ။ လေအိတ်စနစ်ချို့ယွင်းတယ် လို့ဆိုကာ ပြန်သိမ်းတဲ့ကားတွေက အစီးရေ ၃.၄ သန်းပါတဲ့။ တိုယိုတာက ၁.၇၃ သန်း၊ ဟွန်ဒါက ၁.၁၃ သန်း၊ နစ်ဆန်းက ၅၀၀,၀၀၀ နီးပါး၊ မာဇဒါက ၄၅,၀၀၀။ တာကာကာကထုတ်တဲ့ လေအိတ်စနစ် ချို့ယွင်းတာ ကြောင့် အကုန်ပြန်သိမ်းတာလို့ ဆိုပါတယ်။

ဒါတွေအားလုံးဟာ ကိုယ့်တာဝန်ကိုယ်ယူတဲ့ကိစ္စ၊ ကိုယ့်ပြဿနာ ကိုယ် တာဝန်ခံတဲ့ကိစ္စလို့ပဲ ထင်ပါတယ်။

ဂျပန်စားသောက်ဆိုင်ကလေး တစ်ဆိုင်ထဲမှာ စားသုံးသူတစ်ယောက် ဝင်လာပြီးတဲ့အခါ စားစရာ သောက်စရာ မှာပြီးတဲ့နောက် စားပွဲပေါ်ကို လက်ထောက်ပါတယ်။

တစ်နေရာမှာ စားပွဲပေါ်က အချဉ်ရည်လိုအရာမျိုး ပေသွားတာ ကြောင့် သူ့အင်္ကျီရဲ့ တံတောင်ဆစ်နေရာက စွန်းပေသွားတဲ့အကွက်ကို ကြည့် ပါတယ်။ သူက ဆိုင်ကို ဘာမှတုံ့ပြန်တာမဟုတ်ပါဘူး။

ဒါပေမဲ့ ဆိုင်က ဒါကို သတိပြုမိသွားတဲ့အခါ စားပွဲထိုးသမီးငယ် တစ်ယောက်ရယ်၊ ဆိုင်ရဲ့ တာဝန်ရှိသူဖြစ်ပုံရတဲ့ တစ်ယောက်ရယ်တို့ အနား ကို ရောက်လာကြကာ ပျာပျာသလဲကိုပဲ တောင်းပန်ကြပါတယ်။ ‌တောင်းဆို တာကို ကျေနပ်တဲ့အထိ ဆောင်ရွက်ပေးပါမယ်ဆိုတဲ့ မျက်နှာထားတွေနဲ့။

ကြည်နူးဖို့ သိပ်ကောင်းပါတယ်။
mgyoe.com

mgyoe.com

(လေး)

နိုင်ငံတစ်ခု ပြုပြင်ပြောင်းလဲတဲ့အခါ လိုအပ်ချက်တွေ အများအပြား ရှိနေမှာ မုန်ပေမဲ့ ဈေးသည်အစ အစိုးရအဆုံး အားလုံးက ကိုယ့်တာဝန် ကိုယ်ယူလိုတဲ့စိတ်တွေ ဖွံ့ဖြိုးဖို့လိုအပ်ပါတယ်။

ဘဲဥပုပ်နေတာကို ကျွန်မ ဥတာမဟုတ်ဘူးလို့ ပြောရုံနဲ့ ကိစ္စမပြီးပြတ်ပါဘူး။ အကောင်းနဲ့လဲပေးလိုတဲ့စိတ် မွေးရဲရမှာပေါ့။ အဲဒါ ကျွန်မဆိုင်က ဝယ်တဲ့ ဘဲဥလား။


ဒါဆို အဲဒါ ကျွန်မတာဝန်၊ ကျွန်မရှင်းမယ်။ သည်လိုစိတ်မျိုး တည်ဆောက်ရမှာပါ။

ဘဲဥပုပ်တာက ပြဿနာမဟုတ်ပါဘူး။ အဲသည့်အပေါ်မှာ ဘယ်လို သဘောထားသလဲဆိုတာကသာ ပြဿနာပါ။ ။

❑

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## စာတမ်းရေးသူရေး၊ ချိုင်းမွေးနုတ်သူနုတ်

(တစ်)

အရပ်သားအစိုးရလို့ ခေါ်မယ်ဆိုရင်လည်း ခေါ်နိုင်တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်တဲ့အစိုးရကို လူထုက လက်သန်းဖျားကလေး တွေမှာ မင်တို့ပြီး ရွေးချယ်ခဲ့တာဟာဖြင့် တစ်နှစ်ပြည့်မြောက်လို့ သွားခဲ့ပါ ပြီ။ ဒါကြောင့်ထင်ပါရဲ့၊ ဘာတွေပြောင်းလဲသွားသလဲဆိုတဲ့ အသံတွေက ဟိုနားသည်နားမှာ တိုးတိုးလည်းကြားနေရ၊ ကျယ်ကျယ်လည်း ကြားနေရ လာခဲ့ပါရဲ့။ ပြောင်းသလား၊ မပြောင်းဘူးလားဆိုတဲ့ အချေအတင်ဆွေးနွေး ပုံတွေကို ရုပ်မြင်သံကြားမျက်နှာပြင်ပေါ်မှာလည်း တွေ့ရ၊ စာနယ်ဇင်းတွေ ပေါ်မှာလည်း မြင်ရ၊ လမ်းဘေးစကားဝိုင်းတွေမှာလည်း ကြားရတဲ့ ရက်တွေ ပါပဲ။

လူတွေ အားမလို အားမရနဲ့ ပြောင်းလဲစေချင်တဲ့ လောကတွေထဲ မှာ တက္ကသိုလ်ပညာရေးလောကလည်း ပါလေသပေါ့။ အပျက်ကို မြန်မြန် ပြန်ပြင်စေချင်တဲ့ စေတနာတွေနဲ့ပါ။

ဒေါက်တာမောင်သင်းက ပြည်သူ့ခေတ် (အတွဲ–၄၊ အမှတ် ၁၅၈) ထဲမှာ ဆိုင်းဘုတ်တင်တိုင်း တက္ကသိုလ်မဟုတ်လို့ ခပ်ရဲရဲရေးခဲ့ဖူးပါတယ်။

ကျွန်တော်တို့ဟာ ကျောင်းသားတွေ အကွဲကွဲအပြားပြား ဖြစ်နေလေ

mgyoe.com

mgyoe.com

လေ ကောင်းလေလေဆိုတဲ့ စိတ်ကူးတွေနဲ့ အဆောက်အအုံကြီးတွေ နေရာအနှံ့ ဆောက်ကာ တက္ကသိုလ်ဆိုတဲ့ ဆိုင်းဘုတ်ကြီးတွေ တင်ထည့်လိုက်ကာ ပညာရေးလောကကို ဖျက်ဆီးပစ်ခဲ့လိုက်တော့တာပါပဲ။

ဒေါ်အောင်ဆန်းစုကြည်က ဗြိတိသျှပါလီမန်မှာ မိန့်ခွန်းပြောတဲ့အခါ မြန်မာနိုင်ငံက တက္ကသိုလ်တွေရဲ့ဘဝကို ထည့်ပြောခဲ့ဖူးပါတယ်။

"University Life has Been Shattered because of a Perceived need to Keep Students in Order" တဲ့ခင်ဗျ။

ကျောင်းသားတွေကို စနစ်တကျ ထိန်းချုပ်ထားနိုင်ဖို့ရာ လိုအပ်တဲ့အတွက် တက္ကသိုလ်တွေရဲ့ဘဝကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ခွဲပစ်လိုက်တာတဲ့။

ကြက်သီးထစရာကောင်းတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပညာရေးနောက်ခံ သတိပေးချက်တစ်ခု ရှိပါသေးတယ်။

"Myanmar pays price for Lost generation of educated" တဲ့။

ပညာတတ်မျိုးဆက်ပျောက်ဆုံးသွားမှုအတွက် မြန်မာနိုင်ငံဟာ တန်ဖိုးတစ်စုံတစ်ရာ ပြန်ပေးဆပ်ရလိမ့်မယ်ဆိုလား။ ကြောက်ဖို့ကောင်းပါတယ်။

စကော့တလန်နိုင်ငံသား အတွေးအခေါ်နဲ့ စီးပွားရေးပညာရှင် (Philosopher and Economist) အဒမ်စမစ် (Adam Smith) က "The Wealth of Nations" ဟူ၍ စာအုပ်တစ်အုပ် ရေးဖူးပါတယ်။ နိုင်ငံတို့ရဲ့ ဓနဥစ္စာတဲ့။ အဲဒါဟာ လူပါပဲတဲ့။

တိုင်းပြည်ရဲ့ တကယ့်ဓနဥစ္စာဟာ လူတွေလို့ ဆိုတာကြောင့် လူတွေကို ကောင်းအောင်လုပ်တာဟာ တိုင်းပြည်ကို ကြွယ်အောင် လုပ်တာပဲပေါ့။ လူတွေကို ပျက်အောင် လုပ်တာဟာ တိုင်းပြည်ကို ဆင်းရဲအောင် လုပ်တာပဲပေါ့။

ကျွန်တော်တို့ရဲ့ တက္ကသိုလ်များဟာ နိုင်ငံရဲ့ ဓနဥစ္စာကို တိုးပွားအောင် လုပ်ခဲ့တာလား၊ ပျက်သုဥ်းအောင် လုပ်ခဲ့တာလား။

mgyoe.com

(နှစ်)

တက္ကသိုလ်တွေ တိုးတက်ဖို့ကို ပြောတဲ့အခါ အော်တိုနိုမီ (Autonomy) ဆိုတဲ့ လွတ်လပ်ခွင့်အကြောင်းကို ပညာရှင်တော်တော်များများက ပြောပါတယ်။ အဲဒီအော်တိုနိုမီအောက်မှာ ခေါင်းစဉ်အခွဲတွေကလည်း အများကြီးပေါ့။

အဲဒီမှာ အရေးကြီးတဲ့ အော်တိုနိုမီတစ်ခုက အကဲဒမစ် အော်တိုနိုမီ (Academic Atuonomy) ပါ။ ပညာရပ်လွတ်လပ်ခွင့်ပေါ့။ ကိုယ့်တက္ကသိုလ်မှာ ဘာသင်မယ်ဆိုတာကို ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ကြတာတဲ့။ Board of Studies ဆိုတာ မရှိပါဘူးတဲ့။ ပြဋ္ဌာန်းစာအုပ်တွေ ဘာတွေလည်း မရှိပါဘူးတဲ့။ ကိုးကားဖို့ရာ ရည်ညွှန်းစာအုပ်ပဲ ရှိပါလေသတဲ့။ ဒါကြောင့် သူတို့တက္ကသိုလ်တွေမှာ သင်ရိုးတွေက မတူကြလေတာကိုး။ တစ်ထပ်တည်း မကျကြလေတာကိုး။ ဒါကြောင့်လည်း COE (Central of Excellence) ဆိုတဲ့ လေ့လာမှုရဲ့ ဗဟိုအချက်အချာကျတဲ့ တက္ကသိုလ်တွေ ပေါ်လာတာကိုး။

ဥပဒေဆိုရင် ဘယ်တက္ကသိုလ်၊ စီးပွားရေးဆိုရင် ဘယ်တက္ကသိုလ်၊ နည်းပညာဆိုရင် ဘယ်တက္ကသိုလ်၊ ရူပဗေဒဆိုရင် ဘယ်တက္ကသိုလ်၊ နိုင်ငံရေးဆိုရင် ဘယ်တက္ကသိုလ်။

ကျွန်တော်တို့ဆီမှာ တက္ကသိုလ်အားလုံး အတူတူပါ။ သင်တဲ့စာ၊ သင်တဲ့အာဘော်၊ သင်တဲ့ဟန်၊ မေးခွန်းပုံစံအတူတူ။ အဲဒါ အခုအထိ ဘာကြောင့် မပြောင်းသေးတာပါလိမ့်။

(သုံး)

အော်တိုနိုမီအကြောင်းကို ပြောတဲ့အခါ စတဖ်အော်တိုနိုမီ (Staff Autonomy) ဆိုတဲ့ ဆရာ၊ ဆရာမ ခန့်ထားပုံ လွတ်လပ်မှုကလည်း အခုအထိ မပြောင်းနိုင်သေးပါဘူး။

သူတို့ဆီမှာက ဆရာ၊ ဆရာမဆိုတာဟာ ခန့်ထားတာ မဟုတ်ပါဘူး။ Appointed Person မဟုတ်ဘူးပေါ့။ တက္ကသိုလ်က ကြိုက်လို့ ရွေးထားတာတဲ့။ Elected Person တဲ့။ ရွေးချယ်တဲ့ လူပုဂ္ဂိုလ်လို့ဆိုကတည်းက ရွေးဖို့

mgyoe.com

mgyoe.com


ကောင်းတဲ့ လူမို့လို့ ရွေးထားတာပေါ့။ ကိုယ့်တက္ကသိုလ်ရဲ့ ပညာရပ်ဝန်း အတွက် အားမကိုးလောက်တဲ့လူကို ဘယ်သူက ရွေးပါ့မလဲ။ ဒါကြောင့် တက္ကသိုလ်တစ်ခု၊ ဘာသာရပ်တစ်ခု နာမည်ကျော်လာကာ လေ့လာမှုရဲ့ ဗဟိုအချက်အချာ (Central of Excellence) ဖြစ်လာရတယ်ဆိုတာ အကြောင်းမဲ့သက်သက် မဟုတ်ပါဘူး။ Elected Person လို့ဆိုတဲ့ ဆရာ တွေကို စိတ်ကြိုက်ရွေးပြီး ဖွဲ့စည်းထားလို့ နာမည်ကျော်ရတာပါ။

ဆရာ၊ ဆရာမတစ်ယောက်ရဲ့ ရာထူးဟာ သူ့ရဲ့ သုတေသနအလုပ်၊ စာအုပ်စာပေ ရေးသားပြုစုခြင်းအလုပ်နဲ့ပဲ ဆက်စပ်ပါတယ်။ ပါမောက္ခမမ ကို ဈေးသွားပေးတာ၊ ဟင်းချက်ပို့တာ၊ ခြေသလုံးကြောကလေး နှိပ်ပေးတာနဲ့ မဆိုင်ပါဘူး။ လုပ်သက်နဲ့လည်း မဆိုင်ပါဘူး။

အားရင် ချိုင်းမွေးနုတ်နေတဲ့ ဆရာမနဲ့ စာတကုပ်ကုပ်လုပ်နေတဲ့ ဆရာမ ရာထူးတက်တော့ အတူတူ။ အားရင် မျက်နှာပေါင်းတင်နေတဲ့ ဆရာမနဲ့ မှတ်စုကလေးတွေ ထုတ်နေတဲ့ ဆရာမ နယ်ကို အပို့ခံရတော့ အတူတူ။ ဉာဏ်ပညာချင်း သိပ်မကွာခြားပေမဲ့ ပါမောက္ခကားကို ဆီသွား ထည့်ပေးတဲ့ဆရာမို့ ပညာတော်သင်လွှတ်ဖို့ စဉ်းစားလိုက်တယ်ဆိုတာက ရှိသေး။

အဲဒါကတွေကလည်း အခုအထိ မပြောင်းလဲသေးတဲ့ ပုံစံအသေကြီး တွေပါပဲ။

The Wealth of Nations ဆိုတဲ့ နိုင်ငံတော်ရဲ့ ဥစ္စာစနေဖြစ်တဲ့ လူ တွေကို ထုတ်လုပ်တဲ့ ယန္တရားကြီးဖြစ်တဲ့ တက္ကသိုလ်တွေကို အခုထိ သီသီသာသာ မပြောင်းနိုင်သေးတာ စိတ်မောဖို့ ကောင်းပါတယ်။ ပညာရပ် ကို ချစ်တဲ့သူတွေ ကျောခိုင်းလို့ ထွက်ထွက်သွားခဲ့ကြတာ များပဲ များလှပါ ပေါ့။ ။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# လူလက်တစ်ကမ်း စိတ်ကမ္ဘာတစ်ခြမ်း

(တစ်)

ကဗျာဆရာ ကိုအောင်ချိမ့်ရဲ့ ကျွန်တော့်စိတ်ကြိုက်ကဗျာတွေထဲမှာ 'မြေချစ်သူကို လိုက်ပို့ခြင်း' ဆိုတဲ့ ကဗျာလည်း ပါပါတယ်။ ကဗျာရဲ့ ပထမဆုံးအပိုဒ်က အခုလို စပါတယ်။

ဒို့တွေ တစ်ယောက်နဲ့တစ်ယောက် ဝေးကြ
နီးပေမဲ့ ဝေးကြ
ဝေးသော် ပို၍ဝေးကြ
နှစ်ယောက်အိပ် ခုတင်ပေါ်
လင်မယား ဝေးကြသလို
ခေတ်ကြီးတစ်ခေတ်လုံး ခြားခဲ့သလို ဝေးကြ

နီးနီးလေးနဲ့ တစ်ကမ္ဘာစာ ခြားကြရသူတွေ၊ မျက်မှောက်ခေတ် လူတွေ တစ်ဦးနဲ့ တစ်ယောက် အနေစိမ်းခဲ့ကြရပုံတွေကို ဖွဲ့ထားတဲ့ ကဗျာစာသားတွေ ကျွန်တော့်စိတ်ကို ထိခိုက်စေပါတယ်။ ကျွန်တော်တို့ဟာ နှစ်ယောက်အိပ်ခုတင်ပေါ်မှာ အတူရှိနေပါလျက်နဲ့ စိတ်တွေက တခြားဆီမှာ ရောက်

mgyoe.com

mgyoe.com


နေကြတဲ့ လင်မယားတွေလို အကုန်လုံး ဝေးကုန်ကြပြီထင်ပါရဲ့။ လူ့အဖွဲ့အစည်းကြီးက သူစိမ်းဆန်သွားလိုက်ကြတာ။

(နှစ်)

စာပေနဲ့ အတွေးအခေါ်မှာ မွေ့ပျော်သူ ပညာရှင်တို့ရဲ့ မိတ်ဆက်ပေးမှုတွေကြောင့် သောမတ်ဖရက်မင်း (Thomas Friedman) လို ကမ္ဘာကျော်စာရေးဆရာနဲ့ကျွန်တော် ထိတွေ့ခွင့်ရပါတယ်။ သူ့ရဲ့ The World is Flat လိုစာအုပ်မျိုးဟာ ကမ္ဘာပြားပြီနာမည်နဲ့ ဆရာကျော်ဝင်းက ဘာသာပြန်ထားခဲ့ပြီးပါပြီ။

အဲသည် သောမတ်ဖရက်မင်းရဲ့ အနာဂတ်ဟောကိန်းတွေထဲက "So Close, Yet so Far" ဆိုတဲ့စာသားတွေကိုတွေ့တဲ့ခါ ကိုအောင်ချိမ့်ရဲ့ ကဗျာဖတ်တုန်းကလိုပဲ ကျွန်တော် ချောက်ချားသွားပါတယ်။ နီးကပ်လွန်းတာမို့ဝေးကွာလွန်းသွားကြတယ်တဲ့။

နည်းပညာက ကျွန်တော်တို့ကို သိပ်ပြီးနီးကပ်သွားစေပါတယ်။ လက်ကိုင်ဖုန်းတွေ၊ ကွန်ပျူတာတွေ၊ အင်တာနက်တွေကြားမှာ အသံလည်းကြား၊ အရုပ်လည်းမြင်ရ၊ သူဘာလုပ်နေ၊ သူ ဘယ်ရောက်နေဆိုတာတွေကိုလည်း ချက်ချင်းသိရ၊ စာတွေကို အပြန်အလှန်ဆိုသလို ချက်ချင်းရေးလို့ဖတ်လို့ရနဲ့မို့ လူ့အဖွဲ့အစည်းဟာ အလွန့်အလွန်နီးကပ်သွားပါတယ်တဲ့။ စာတစ်စောင်ဖတ်ရဖို့ တစ်လကိုးသီတင်း စောင့်စရာမလိုတော့။ တယ်လီဖုန်းတစ်ခါဆက်ဖို့ မြစ်တစ်ဖက်ကမ်းကို ကူးတို့နဲ့ ကူးသွားစရာမလိုတော့။ အချက်အလက်တစ်ခုသိရဖို့ စာကြည့်တိုက် ဘယ်မှာရှိပါလိမ့်ဆိုတာကို စဉ်းစားစရာမလိုတော့။ ကျွန်တော်တို့ဟာ သိပ်ပြီးနီးကပ်ကုန်ကြပါတယ်။

ဒါပေမဲ့ တော်တော့်ကိုလည်း ဝေးကွာကုန်ကြရပါတယ်တဲ့။ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်မှတွေ့စရာမလိုတော့တဲ့ဟာ။ သိပ်မှဆက်ဆံစရာမလိုတော့တဲ့ဥစ္စာ။

ကားပေါ်မှာ၊ ရထားပေါ်မှာ၊ လေဆိပ်ထဲမှာ၊ ရုံးခန်းထဲမှာ၊ စာသင်ကျောင်းမှာ ကိုယ့်လက်ကိုင်ဖုန်းနဲ့ကိုယ်၊ ကိုယ့်ကွန်ပျူတာနဲ့ကိုယ် ဧကစာကျင့်လို့။ လက်ဖက်ရည်ဆိုင်ထဲမှာ တစ်ဝိုင်းတည်း ထိုင်နေကြတဲ့သူ သုံး

mgyoe.com

mgyoe.com


ယောက်က ကိုယ့်ဖုန်း၊ ကိုယ့်ကွန်ပျူတာကိုယ်စီနဲ့ ပွတ်လို့။ ကျွန်တော်တို့ မနီးကြတော့ပါဘူး။ ဒါကြောင့် သိပ်ဝေးသွားတယ်လို့ ဆိုတာကိုး။

နီးနီးလေးနဲ့ ဝေးသွားရတဲ့အထဲမှာ မိသားစုအတွင်းမှာကိုပါ ဝေးကုန်ကြရတာက ခေတ်ရဲ့ ကြေကွဲစရာအမှုအခင်းပါ။ သားက သူ့အခန်းထဲ သူဝင်ကာ လက်ကိုင်ဖုန်းတစ်လုံးနဲ့ နားကြပ်နဲ့။ သမီးက အပေါ်ထပ် ထပ်ခိုးကလေးထဲမှာ လက်ကိုင်ဖုန်းနဲ့၊ ကွန်ပျူတာပေါက်စကလေးတစ်လုံးနဲ့။ ဇနီးက သူ့လက်ကိုင်ဖုန်းထဲကနေ သတင်းထွေလီကာလီတွေကို ထိုင်ကြည့်လို့။ အဖေဖြစ်သူက ရုပ်မြင်သံကြားပေါ်က ဘောလုံးပွဲကိုကြည့်လို့။ မိသားစုတွေ ဝိုင်းဖွဲ့ကာ စားကြသောက်ကြ ပြောကြဆိုကြတယ်ဆိုတာက ဖြစ်ခေါင့်ဖြစ်ခဲကိစ္စ။

> ဒို့တွေ တစ်ယောက်နဲ့တစ်ယောက် ဝေးကြ
> နီးပေမဲ့ ဝေးကြ
> ဝေးသော် ပို၍ဝေးကြ... တဲ့။

နည်းပညာလှိုင်းအရိုက်မှာ ကျွန်တော်တို့အားလုံး သူစိမ်းပြင်ပြင် ဖြစ်သွားကုန်ကြရပါတယ်။ အဲဒါ သည်နေ့ခေတ်လူသားတွေရဲ့ လွမ်းခန်းပါ။

(သုံး)

သည်နှစ်ထဲမှာ တိုယိုတာ (Toyota) က ထုတ်တယ်ဆိုတဲ့ စကားပြောဖော် စက်ရုပ်ဆိုတာလေး သတင်းထဲမှာ ဖတ်ရပါတယ်။

စက်ရုပ်နာမည်က ကီရိုဘိုမီနီ (Kirobo Mini) တဲ့။ အရွယ်က မတ်ခွက်သာသာကလေး။ ဈေးက ဂျပန်ယန်း ၃၉,၈၀၀ ဆိုတော့ ဒေါ်လာ ၄၀၀ ခန့်။ မြန်မာငွေ ၄၀၀,၀၀၀ ကျော်ပေါ့။ သူက ပိုင်ရှင်နဲ့ အပြန်အလှန် စကားပြောပေးနေနိုင်တဲ့ အရုပ်ကလေးတဲ့။ တစ်ခွန်းမကျန် ပြန်ပြောမှာ။ မေးခွန်းတွေလည်း မေးမှာ။

သည်အရုပ်ကို ထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ အထီးကျန် ဂျပန်လူ့အဖွဲ့အစည်းအတွက်တဲ့။ ဂျပန်မှာ ဆယ်ကျော်သက်တွေကအစ

mgyoe.com

mgyoe.com


အခန်းအောင်းကာ ကိုယ့်ဖုန်းနဲ့ကိုယ်၊ ကိုယ့်ကွန်ပျူတာနဲ့ကိုယ် ကမ္ဘာတစ်ခု တည်ကာ နေလာကြပြီး အထီးကျန်ပြဿနာက သိပ်ကြီးလာတယ်တဲ့။ ၆၅ နှစ်အထက် လူကြီးတွေကလည်း ကိုယ့်ဘာသာကိုယ်ပဲ နေကြရတာမို့ ပိုပြီး အဖော်မဲ့လာတဲ့ လူ့အဖွဲ့အစည်း ဖြစ်လာတယ်တဲ့။ ဒါကြောင့် ကိုယ်နဲ့ ဆိုးတိုင်ပင် ကောင်းတိုင်ပင်၊ ကိုယ့်ခံစားချက်ကို ရင်ဖွင့်စရာ၊ ပြောစရာ အဖော်လိုလာတာကြောင့် သည်စကားပြောဖော် စက်ရုပ်ကလေးကို လုပ် ရောင်းဖို့ စိတ်ကူးပေါ်လာတာတဲ့။

ဩော်... လူတွေ။ ကိုယ့်အချင်းချင်း ဝေးသွားလို့ ဝေးသွားနေပြီမှန်း မသိဘဲနဲ့ နည်းပညာလှိုင်းလုံးကြီးတွေစီးကာ အဟုတ်ကြီး ထင်နေမိခဲ့ကြရာ က ကိုယ့်သောကကို ကိုယ်မီးမွှေးမိခဲ့ကြပေါ့။

ကျွန်တော်က နည်းပညာဆန့်ကျင်ရေးသမား မဟုတ်ပါဘူး။ ဒါပေမဲ့ နည်းပညာထဲမှာ နစ်ပြီး တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်ကာ၊ တစ်ဝိုင်းလုံး ဆွံ့အ,ခန်းခြောက်ကာ နီးနီးလေးနဲ့ ဝေးကုန်ကြတဲ့ မိသားစုတွေရဲ့ တစ်ဘဝ တာကို နှမြောမိတာပါ။ ချက်ကြ ပြုတ်ကြ၊ ခူးကြ ခပ်ကြ၊ စားကြ သောက် ကြ၊ ပြောကြ ဆိုကြ၊ ရယ်ကြ မောကြ၊ နောက်ကြ ပြောင်ကြတဲ့အချိန် လိုအပ်ပါတယ်။

စကားပြောဖော်အရုပ်တွေပဲ ဝယ်လိုက်တော့မယ်ဆိုရင်ဖြင့်လည်း စာဖတ်သူရဲ့ သဘော။ ။


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# အနီးကပ် အရိပ်တွေရဲ့အောက်မှာ

(တစ်)

တူတော်မောင်တစ်ယောက်နဲ့ သူ့အမေနဲ့ ပူညံပူညံဖြစ်နေတာကို ဘေးနားကနေ ကြည့်နေခဲ့ရဖူးပါတယ်။ ပြဿနာက ဆေးမင်ကြောင် (Tattoo) ပြဿနာပါ။ တူတော်မောင်က အထက်တန်းကျောင်းသားမို့ ချာတိတ်လို့ပဲဆိုပါတော့။ သူက ဆေးမင်ကြောင်ထိုးလိုကြောင်း သူ့အမေကို ပူဆာရာက သားအမိနှစ်ယောက် ပူညံပူညံဖြစ်ကြတာပါ။ တူတော်မောင်က သူ့အမေကို ဈေးဆစ်ပါတယ်။ သားက အရုပ်သေးသေးကလေး ထိုးမှာတဲ့။ လက်မောင်းမှာ ထိုးမှာတဲ့။ အမေကလည်း ထိုးဝံ့ရင် ထိုးကြည့်တဲ့။ အခု ဘာရောဂါထလာပြန်တာလဲတဲ့။ သားဖြစ်သူက နာမည်တစ်လုံးကိုထုတ်ပြောကာ အဲသည့်သူငယ်ချင်းထိုးထားလို့ သူလည်း ထိုးချင်တာတဲ့။ အမေကလည်း အဲသည့်နာမည်ကိုပဲ ထည့်ပြောကာ သူထိုးတိုင်း မင်းထိုးစရာလားတဲ့။ သူ မစင်စားရင် မင်း လိုက်စားမလားတဲ့။ သားက ဘာလို့ စားရမှာလဲတဲ့။ သားက လူတဲ့။ ခွေးမဟုတ်ဘူးတဲ့။ အမေက လူဆိုရင် သူများလုပ်တိုင်း လိုက်မလုပ်နဲ့လေတဲ့။ ကျွန်တော်ကတော့ ချာတိတ်အရွယ်မှာ ဖြစ်တတ်တဲ့သဘာဝကို နားလည်ကာ ပြုံးပြီးတော့ပဲ ကြည့်နေမိခဲ့ပါတယ်။

ဪ... ရွယ်တူတန်းတူတွေမှာ ဖြစ်တတ်တဲ့ လွှမ်းမိုးမှုပဲပေါ့။

mgyoe.com

mgyee.com


(နှစ်)

ရွယ်တူ တန်းတူ အဆင့်တူကို အင်္ဂလိပ်ဘာသာမှာ ပီးယား (Peer) လို့ ခေါ်ပါတယ်။ Peer Person ဆိုတာကတော့ ရွယ်တူ တန်းတူ အဆင့်တူ ပုဂ္ဂိုလ်ပဲပေါ့။ ကိုယ့်ဘဝဝန်းကျင် ကိုယ်နဲ့မလှမ်းမကမ်းက ပုဂ္ဂိုလ်ကို ဆိုလိုတာပါ။

လူတွေဟာ အဲသည်လို လူတွေရဲ့ လွှမ်းမိုးမှုကို အခံရဆုံးပဲတဲ့။ ကိုယ့်အနားက လူရဲ့ ဖိအားကို ပီးယားပရက်ရှာ (Peer Pressure) လို့ အခေါ်အဝေါ်ရှိပါတယ်။ ကိုယ့်အနားက လူလုပ်တာကို လိုက်လုပ်ချင်တဲ့စိတ်ပေါ့။ ချာတိတ်အရွယ်တွေမှာ အဲသည်ဖိအားက အပြင်းထန်ဆုံးပါ။

ကိုယ့်သူငယ်ချင်းက စီးကရက်ဖွာတဲ့အခါ ကိုယ်ကလည်း လိုက်ဖွာချင်တယ်။ ကိုယ့်သူငယ်ချင်းက ဆံပင်ထောင်တဲ့အခါ ကိုယ်ကလည်း လိုက်ထောင်ချင်တယ်။ ကိုယ့်သူငယ်ချင်းက နားကပ်ဝတ်တဲ့အခါ ကိုယ်ကလည်း လိုက်ဝတ်ချင်တယ်။ ကိုယ့်သူငယ်ချင်းက ဆိုင်ကယ်ကို လက်လွှတ်စီးတဲ့အခါ ကိုယ်ကလည်းလိုက်စီးချင်တယ်။ ကိုယ့်သူငယ်ချင်းက ဘီယာသောက်တဲ့အခါ ကိုယ်ကလည်း လိုက်သောက်ချင်တယ်။ ချာတိတ်ဘဝဟာ ကိုယ်နဲ့မလှမ်းမကမ်းက လူကို လိုက်ပြီး တုပစမြဲပါပဲ။

တစ်ခါတလေမျာဆိုရင် အဆင့်တူရဲ့ဖိအား (Peer Pressure) ကြောင့် ကိုယ်က တိမ်းညွှတ်ပြီး ပါသွားတာတွေမျိုးတောင်မှ ရှိနိုင်ပါတယ်။ ဆိုကြပါစို့၊ ချစ်သူရည်းစားရှိနေတဲ့ သူငယ်ချင်းက ကိုယ့်ကိုပါ ရည်းစားထားဖို့ ခဏခဏဆွဲဆောင်တိုက်တွန်းတာကြောင့် သူ့လို ကိုယ်ပါ လိုက်လုပ်မိတတ်တာမျိုးပါ။

စိတ်ပညာရှင်တွေက Peer Person ဟာ အမေ၊ အဖေ စတဲ့ မိသားစုဝင်တွေထက်ကိုပဲ ချာတိတ်တွေရဲ့ဘဂကို လွှမ်းမိုးပါတယ်တဲ့။ ပြဿနာက အကောင်းလွှမ်းမိုးရင် တော်ပါရဲ့။ အဆိုးလွှမ်းမိုးရင် ဒုက္ခ။

သည်နေရာမှာ Peer Person က နှစ်မျိုးရှိကြောင်း မှတ်သားဖူးပါတယ်။ Positive Peer Person တဲ့။ အကောင်းလွှမ်းမိုးတဲ့လူပေါ့။ သူက အင်္ဂလိပ်စကားပြော ကောင်းလို့ ကိုယ်ကပါ သူ့လိုကောင်းချင်လာတာမျိုး၊ သူက ပရဟိတလုပ်လို့ ကိုယ်ကပါ လိုက်လုပ်ချင်လာတာမျိုး၊ သူက ကွန်ပျူ

mgyee.com